မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၂၈)၊ ၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၄ ရက် ၊ ၂၃-၇-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ၂၇-၇-၂၀၂၅ ရက်နေ့(တနင်္ဂနွေနေ့) နံနက်(၆:၀၀)အချိန်၌ ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၂။ အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ စာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်းကပ်ထားမည်ဖြစ်ပါသည်။

၃။ အောင်စာရင်းထုတ်ပြန်မည့် ၂၇-၇-၂၀၂၅ ရက်နေ့၊ နံနက်(၄)နာရီတွင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ထားပါသည်။

၄။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာပေးမည့်အပြင် ဝေးလံသောဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ် ကောင်းစွာမရရှိသည့် စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၅။ မိဘပြည်သူများ သက်ဆိုင်ရာစာစစ်ဌာနများ၌ အောင်စာရင်းကြည့်ရှုရန် လာရောက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

၆။ အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ဖုန်းနံပါတ်(၀၁-၆၅၃၅၀၉)သို့ အောင်စာရင်းထုတ်ပြန်ကြေညာမည့် ၂၇-၇-၂၀၂၅ ရက်နေ့ (တနင်္ဂနွေနေ့) တွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်-မန္တလေး ရထားလမ်းပိုင်းရှိ ရထားလမ်းနေရာများ၊ တံတားများနှင့် ဘူတာများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်မြင့်နှင့်အတူ ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ဘူတာမှ Rall Bus Engine-RBE အထူးရထားဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ် မြို့နယ် ရှမ်းရွာဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဘူတာအဆောက်အအုံ ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ပြန်လည်တည်ဆောက်မည့် ဘူတာသစ်၏ ဒီဇိုင်းပုံစံနှင့် လက်ရှိ Modular Office တပ်ဆင်၍ ဘူတာအဖြစ် အသုံးပြုမှု အခြေအနေတို့ကို စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာစည်ဘူတာသို့ ရောက်ရှိပြီး ဘူတာသစ်ကြီးတည်ဆောက်ရန် မြေနေရာရှင်းလင်းထားမှုအခြေနေ၊ ဘူတာသစ်၏ ဒီဇိုင်းပုံစံတို့ကို စစ်ဆေးပြီး ဘူတာအင်္ဂါရပ်နှင့် ပြည့်စုံစေရေး၊ သန့်ရှင်းသပ်ရပ်လှပစေရေးတို့အတွက် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ်အတွင်း ယမန်နှစ်က ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် စမုံဘူတာနှင့် သပြေတောင်းဘူတာအကြားရှိ တံတားအမှတ်(၆၉၁)နေရာသို့ ရောက်ရှိကာ ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာ ပိုမိုကောင်းမွန်စေရေး ဆက်လက် ဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ သပြေတောင်း ဘူတာ၌ ငလျင်ဒဏ်ခံ ဘူတာ အဆောက်အအုံဟောင်းဖျက်သိမ်း ပြီးစီးမှု၊ **စာမျက်နှာ ၃ သို့** ☸

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၂**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သော သွင်းအားစုများကို တောင်သူများသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၂၀၀၀ တင်သွင်းနိုင်ရေး လျာထားခဲ့ပြီး ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် မြေသြဇာတန်ချိန် ၉၃၉၆၆၂ ဒသမ ၄၃ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၁၉၅၁၅ ဒသမ ၇၆ တန်ကို ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိနိုင်ရေး ထောက်ခံပေးခဲ့သည်။ ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း သွင်းကုန်လိုင်စင်ရရှိရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။ အကောက်ခွန်ဦးစီးဌာန၏ စာရင်းများအရ ၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ မြေသြဇာတန်ချိန် ၄၃၈၇၀၅ ဒသမ ၇၀ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၉၈၄၀ ဒသမ ၅၀၅ တန် တင်သွင်းထားသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သော သွင်းအားစုများကို တောင်သူများ သုံးစွဲနိုင်ရေး၊ ဖြန့်ဖြူးပေးနိုင်ရေး၊ ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းအနေဖြင့် အဆိုပါဒေသများ၏လိုအပ်ချက်များကို ဖြန့်ဖြူးနိုင်ရေးကြိုတင်စီစဉ်ထားရန်လိုအပ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း တင်သွင်းရန်ကျန်ရှိမှုများကို အမြန်တင်သွင်းနိုင်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာပိုးသတ်ဆေးအမှတ်တံဆိပ်အလိုက်၊ ကုမ္ပဏီအလိုက် အရည်အသွေး၊ ဈေးနှုန်းတို့အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုပေးရန်လိုအပ်ကြောင်း၊ ပြည်တွင်းသုံးစွဲသူတောင်သူများအတွက် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်စေရေးစီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်၍ ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း၊ မြေသြဇာအသင်းအနေဖြင့်လည်း အသင်းဝင်ကုမ္ပဏီများအား အသင်းကချမှတ်ထားသော မူများ၊ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန်နှင့် မလိုက်နာသည့်ကုမ္ပဏီများကို စိစစ်တင်ပြရန်၊ မှန်မှန်ကန်ကန်ဆောင်ရွက်နေသော ကုမ္ပဏီများအတွက် နစ်နာမှုမရှိစေရေး သေချာစိစစ်ဆောင်ရွက်ရန်၊ ကုမ္ပဏီများကလည်း သတ်မှတ်မှုများအတိုင်း လိုက်နာဆောင်ရွက်ရန်၊ လိုအပ်ချက်များအပေါ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇူလိုင် ၂၁ရက် မွန်းလွဲပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေး၌ တိုက်တွန်းမှာကြားခဲ့သည်။

ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က တောင်သူများ လက်ဝယ်သွင်းအားစုများ အချိန်မီရောက်ရှိရေးဖြန့်ဖြူးရောင်းချပေးမည့် အစီအမံများကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက သွင်းအားစုများ ပံ့ပိုးပေးမည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။ ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သော သွင်းအားစုများကို တောင်သူများသုံးစွဲနိုင်ရေး၊ တောင်သူများအတွက် အရည်အသွေးကောင်းပြီး ဈေးနှုန်းသင့်တင့်သော စိုက်ပျိုးရေးသွင်းအားစုများ ရရှိသုံးစွဲနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်သည်မှ ရိတ်သိမ်းခူးဆွတ် တင်ပို့ရောင်းချသည်အထိ တောင်သူသုံးရက် သင်တန်းအမှတ်စဉ်(၂/၂၀၂၅) ဖွင့်လှစ်



**မန္တလေး ဇူလိုင် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ထုံးဘို-ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း၌ သစ်သီးဝလံများစိုက်ပျိုးထုတ်လုပ်သည်မှ ရိတ်သိမ်းခူးဆွတ် တင်ပို့ရောင်းချသည်အထိ တောင်သူသုံးရက်သင်တန်း အမှတ်စဉ်(၂/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ရိတ်သိမ်းချိန်လွန်နည်းပညာများ သိရှိလိုက်နာခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုများလျှော့ချရန်၊ ရိတ်သိမ်းချိန်လွန်နည်းပညာများအား တောင်သူများ လက်တွေ့အသုံးချခြင်းဖြင့် စီးပွားရေးပိုမိုတိုးတက်လာစေရန်၊ မိမိဒေသတွင် နည်းပညာများ ပြန်လည်ပြန့်ပွားအောင် လုပ်ဆောင်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး ယနေ့အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းတာဝန်ခံ၊ သင်တန်းဆရာ၊ ဆရာမများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ တောင်သူ သင်တန်းသား ၃၀ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းဖွင့်ပွဲ၌ Home Garden ပျိုးပင်များ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ရိတ်သိမ်းချိန်လွန်နည်းပညာ (TOT) သင်တန်းတက်ရောက်ပြီးသော ဝန်ထမ်းများက မိမိတို့တာဝန်ကျရာဒေသများတွင် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ဆင့်ပွားသင်တန်း အကြိမ်ရေပေါင်း (၄၈၇)ကြိမ်၊ တောင်သူ ၈၅၀၈ ဦး၊ ဝန်ထမ်း ၆၆၅၂ ဦး စုစုပေါင်း ၁၅၁၆၀ ဦးတို့အား ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖြန့်ဝေပြီးဖြစ်ကြောင်း၊ ထုံးဘို ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းမှ နည်းပညာသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ယနေ့အချိန်ထိ စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲအပါအဝင် သင်တန်းအကြိမ်ရေ စုစုပေါင်း (၁၉၄)ကြိမ်၊ တောင်သူပေါင်း ၃၀၆၅ ဦး၊ ဝန်ထမ်းပေါင်း ၃၄၈၈ ဦး၊ သင်တန်းသားဦးရေ စုစုပေါင်း ၆၅၅၃ ဦးအား နည်းပညာများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

၀-၀-၀-၀-၀

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၇၂လမ်း၊ လမ်း၃၀ နှင့် ၃၁လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၂၃ ရက်တွင် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ လမ်း၄၀နှင့် ၆၈လမ်းထောင့်၊ ဓမ္မာရုံရှေ့နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အ.ထ.က(၁) ကျောင်းအနောက်ဘက်တို့တွင်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာဝင်းအတွင်း၊ ပုံကျဈေးအနီး ဓမ္မာရုံရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

❁ ရှေ့ဖုံးမှ

မြေနေရာရှင်းလင်းထားမှုနှင့် ဘူတာသစ်၏ ဒီဇိုင်းပုံစံ၊ Modular Office တပ်ဆင်၍ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ဘူတာသစ်အတွက် မြေနေရာရှင်းလင်းထားမှုနှင့် ဒီဇိုင်းပုံစံသစ်တို့ကို စစ်ဆေး၍ ဘူတာသို့ အဝင်အထွက်လမ်းများ သပ်ရပ်ရေး၊ ဘူတာမျက်နှာစာ သန့်ရှင်းသပ်ရပ်လှပရေး၊ ရထားစီးခရီးသည်များ အဆင်ပြေစွာ ရထားစောင့်ဆိုင်းနိုင်မည့်နေရာ လျာထားရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် မန္တလေးဘူတာကြီးသို့ ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ ဘူတာကြီးယာဒ်ဝင်းအတွင်း ပျက်စီးသွားသည့် ရထားလမ်းခွဲရုံနှင့် Modular Office ဖြင့် ယာယီရထားလမ်းခွဲသည့် အချက်ပြစနစ် တပ်ဆင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မူလလမ်းခွဲရုံကို အမြန်ဆုံး အကြီးစား ပြန်လည်ပြင်ဆင်တည်ဆောက်ပြီးစီးစေရေး လိုအပ်ချက်များကို မှာကြားသည်။

ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိလာပြီး ဦးစွာ တွဲသစ်ရုံ အမှတ်-(၃)၌ စက်ရုံ၏ အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ကုန်သေတ္တာတင်တွဲများ တည်ဆောက်မှုအခြေအနေတို့ကို တင်ပြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်ဝန်ထမ်းများ စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ရေး၊ စက်ရုံ၏လုံခြုံရေး ပိုမိုကောင်းမွန်အောင် စီမံရေး၊ ဝန်ထမ်းများ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကိစ္စများကို မှာကြားသည်။

ယင်းနောက် စက်ရုံအတွင်း ကုန်သေတ္တာတင်တွဲများ တည်ဆောက်နေမှု၊ DEMU ရထားတွဲ တစ်တွဲ စမ်းသပ်တည်ဆောက်နေမှု၊ လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်းပြင်ဆင်မှု၊ ဘီးဘိုဂီအသစ်များ ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တွဲများ၏ သက်တမ်းအလိုက် ကြံ့ခိုင်မှု ပိုမိုကောင်းမွန်စေရေး၊ ပြန်လည်အသုံးမပြုနိုင်တော့သည့် တွဲဘီးဟောင်းများ စီမံခန့်ခွဲရေး လိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာ့မီးရထား၏ ကုန်စည်ပို့ဆောင်ရေးဌာနခွဲဝင်းသို့ ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ယင်းနယ်မြေအတွင်း လျှပ်စစ်မီးကြောင့် ပျက်စီးသွားသည့် အထပ်မြင့်အဆောက်အအုံများပေါ်၌ တပ်ဆင်ခဲ့သော အော်တိုမိုဘိုင်း တယ်လီဖုန်းစခန်းများနေရာတွင် ရွှေ့လျားမိုဘိုင်းစခန်း တာဝါတိုင် အစားထိုးတပ်ဆင်ပေးထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ၏ နေထိုင်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

ထို့နောက် အဆိုပါမြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံးသို့ သွားရောက်၍ ရုံးဝင်းအတွင်း အန္တရာယ်ရှိသည့် သစ်ပင်အိုကြီးများ ရှင်းလင်းရေး၊ ဖုန်းကြိုးများ၊ အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျရှိစေရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်းရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ ရောက်ရှိပြီး လျှပ်စစ်မီးကြောင့် ပျက်စီးမှုများ ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ Modular Office များ တပ်ဆင်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ Modular House များတွင် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဝ-ဝ-ဝ-ဝ-ဝ



## အခြေခံစာကြည့်တိုက်ပညာသင်တန်း (၂/၂၀၂၅)ဖွင့်ပွဲ ကျင်းပ

**ကန့်ဘလူ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစာကြည့်တိုက်ပညာသင်တန်း (၂/၂၀၂၅) ဖွင့်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။ **(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားရာတွင် စာကြည့်တိုက်ဆိုတာ အကြောင်းအရာပေါင်းများစွာ၊ ပညာရပ်ပေါင်းများစွာ ပါရှိတဲ့ စာအုပ်စာစောင်တွေ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့သာမက အခြားလေ့လာစရာတွေကို စနစ်တကျစုစည်းထားတဲ့နေရာဖြစ်ကြောင်း၊ ဗဟုသုတများစွာပေးစွမ်းနိုင်တဲ့ စာကြည့်တိုက်တွေစနစ်တကျလည်ပတ်ဖို့ဆိုရင် စာကြည့်တိုက်မှူးတွေက အရေးပါလှကြောင်း၊ ကျွမ်းကျင်တဲ့ စာကြည့်တိုက်မှူးတွေ မွေးထုတ်ပေးနိုင်ဖို့အတွက် အခြေခံစာကြည့်တိုက်ပညာသင်တန်းတွေက မရှိမဖြစ်လိုအပ်ကြောင်း၊ ဒါကြောင့် ဒီနေ့တက်ရောက်ကြတဲ့ သင်တန်းသားများက သင်တန်းက သင်ကြားပို့ချမယ့် ဘာသာရပ်တွေကို စိတ်ပါဝင်စားစွာ သင်ယူမှတ်သားဖို့လိုအပ်သလို မိမိတို့စာကြည့်တိုက်မှာ လက်တွေ့အသုံးချဖို့လည်း လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဖွင့်လှစ်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး သင်တန်းကာလ ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ စာကြည့်တိုက်မိတ်ဆက်၊ စာစု/စာပြုလုပ်ငန်း၊ မျိုးတူစုလုပ်ငန်း၊ မှတ်သားမှုစနစ်၊ ထားသိုမှု/ထိန်းသိမ်းမှုစနစ်၊ ကက်တလောက်လုပ်ငန်း၊ စာငှားလုပ်ငန်း စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ဝ-ဝ-ဝ-ဝ-ဝ

## ဆီဝယ်စာအုပ်တစ်အုပ် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် စားအုန်းဆီ ပိဿာ ၃၃၀ ရောင်းချပေး

**ကျောက်ဆည် ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပြည်သူများ စားသုံးဆီ ဝယ်ယူသုံးစွဲရာတွင် အိမ်ထောင်စု တစ်စုလျှင် ဆီဝယ်စာအုပ်တစ်အုပ် ပြုလုပ်ပေးထားပြီး ရပ်ကွက်၊ ကျေးရွာများတွင် အလှည့်ကျစနစ်ဖြင့် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းအဝယ်ဆိုင်များမှ ရောင်းချပေးလျက်ရှိကြောင်းနှင့် ယမန်နေ့က ဆီဝယ်စာအုပ်(၁)အုပ် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် စားအုန်းဆီ ပိဿာ ၃၃၀ ရောင်းချပေးခဲ့သည်။



ထိုသို့ရောင်းချပေးသော စားအုန်းဆီများကို Resources Group Trading Co.,Ltd. မှ သတ်မှတ် ရည်ညွှန်းဈေး တစ်ပိဿာငွေကျပ် ၆၀၃၀ ဖြင့် ဝယ်ယူခဲ့ပြီး ရောင်းဈေး(၁) ပိဿာ ၇၁၁၅ ကျပ်နှုန်းဖြင့် ဆီအရောင်းဆိုင်ဖြစ်သည့် နေလသုခ-၂ စားသုံးဆီလက်လီလက်ကားရောင်းဝယ်ရေးဆိုင်မှ ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်သို့ ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။ **(ဓါတ်ပုံ)**

**စုစုအေး(ကျောက်ဆည်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၉ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင်လည်း DPLA အဖွဲ့ဝင် ၁၉ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာ တောင်ယာလုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အတင်းအဓမ္မခြိမ်းခြောက် ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့် ကျေးရွာများ၊ တောတွင်းစခန်းများတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများ ဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ရန်အတွက် အင်ကြင်းကုန်းကျေးရွာမှတစ်ဆင့် သုံးဆယ်ကျေးရွာ၊ ထိုမှတစ်ဆင့် လွယ်ခွန်ကျေးရွာ၊ ၎င်းမှတစ်ဆင့် ဇီးဖြူပင်ကျေးရွာလမ်းကြောင်းအတိုင်း ထွက်ခွာလာခဲ့ပြီး နောင်ချိုမြို့နယ် ယင်းငူပင်ကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းထံသို့ သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် PDFအမည်ခံ အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှုအနေဖြင့် ဇူလိုင်လ ၁၇ ရက်မှ ယနေ့အထိ TNLAအဖွဲ့ဝင် လေးဦး ၊ MDY-PDF အဖွဲ့ဝင် ၁၅ ဦးနှင့် DPLA အဖွဲ့ဝင် ၄၁ ဦးဖြစ်ပြီး လက်နက်မျိုးစုံ ၁၃ လက်နှင့် ကျည်မျိုးစုံ ၁၅၁၅တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ယာယီနေရပ်စွန့်ခွာရာမှ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ထုတ်ပေးလျက်ရှိ



နေပြည်တော် ဇူလိုင် ၂၂

နောင်ချိုမြို့အား တပ်မတော်မှ အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယာယီနေရပ်စွန့်ခွာနေကြသည့် နောင်ချိုမြို့မှ ဒေသခံ တိုင်းရင်းသားပြည်သူများသည် ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြရာ ၎င်းတို့ ယာယီနေရပ်စွန့်ခွာစဉ် ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဇူလိုင် ၂၀ ရက်မှစ၍ နောင်ချိုမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဇူလိုင် ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် ယင်းသို့ကွင်းဆင်းဆောင်ရွက်ပေးရာ၌ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသူများ အနက် ဒေသခံပြည်သူ ၆၀ ကို လိုအပ်သော စာရွက်စာတမ်းများနှင့် ကိုယ်ရေး အချက်အလက်များ ဖြည့်သွင်း ဆောင်ရွက်ကာ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက် ထုတ်ပေးခဲ့ကြောင်းနှင့် ယင်းလုပ်ငန်းစဉ်ကို ဒေသခံပြည်သူများအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံ နောင်ချိုမြို့ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၂

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ကာ ပြန်လည် ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ ပူးပေါင်း၍ ဒေသခံပြည်သူလူထုလုံခြုံရေးနှင့် လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေး၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးစသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်က နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးချင်း နိုင်ငံတော်ဝန်ကြီးချုပ်၏ ပထမဆုံးလမ်းညွှန်မှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရန် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ထို့ကြောင့် နောင်ချိုမြို့ရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ကျောင်းအဆောက်အအုံနှင့် ပရိဘောဂပစ္စည်းများပြုပြင်ခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သည်များ ဆောင်ရွက်ပေးမှုနှင့်အတူ ဒေသခံတိုင်းရင်းသား မိဘပြည်သူများ၏ ပူးပေါင်းပါဝင်လာခဲ့မှုကြောင့် ယနေ့တွင် နောင်ချိုမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် စတင်ကျောင်းအပ်လက်ခံနိုင်ခဲ့ရာ ကျောင်းလာရောက်အပ်နှံနိုင်မှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၁၆၅ ဦး ရှိကြောင်း သိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများထံသို့ တစ်ပါတည်း ပေးအပ်ကြသည်။

ထို့ပြင် နောင်ချိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(သပြေရေ)တို့၌လည်း စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းသာယာရေးအတွက် တပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အခြားလိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဒုတိယလမ်းညွှန်ချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာကိစ္စဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် (၂၅)ခုတင်ဆံ့ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံအား မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်သည့်အတွက် အဆိုပါဆေးရုံအား ပြန်လည်ပြုပြင်နေစဉ်ကာလအတွင်း မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသား ပြည်သူ ၁၈၂ ဦးတို့ကို သွေးလွန်တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများနှင့် ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်စတင်လက်ခံစဉ်။



နောင်ချိုမြို့၌ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဝင်းအတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



နောင်ချိုမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

# ယာယီနေရပ်စွန့်ခွာနေထိုင်ရာမှ လှိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်သူများအား အခြေခံစားသောက်ကုန်များ ပေးအပ်



လှိုင်ကော် ဇူလိုင် ၂၂

ယာယီနေရပ်စွန့်ခွာ နေထိုင်ရာမှ လှိုင်ကော်မြို့သို့ ပြန်လည်ဝင်ရောက် နေထိုင်သူများအား အခြေခံ စားသောက်ကုန်များ ချီးမြှင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ ပြန်လည်ဝင်ရောက်နေထိုင်သည့် ထေးသမနှင့် မိုင်းလုံးရပ်ကွက်ရှိ ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ အခြေခံစားသောက်ကုန်များကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ဒေါ်ဥခူ၊ နောင်ယား(က)၊ နောင်ယား(ခ)၊ နာနတ်တောရပ်ကွက်များရှိဒေသခံပြည်သူများအတွက် ဆန်၊ ဆီ အခြေခံစားသောက်ကုန်များကို လည်းကောင်း ပေးအပ်ကြရာ သက်ဆိုင်ရာ ကိုယ်စားလှယ်များက လက်ခံယူကြပြီး ဒေသခံပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ယာယီ နေရပ်စွန့်ခွာရာမှ လှိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်များအတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူ ၇၄၄ ဦးအတွက် ဆန် ၁၈၆ အိတ်နှင့် ဆီ ၃၇၂ ပိဿာ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUG၊ PDFတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့ အတူအဆက်မပြတ်အလင်းဝင်လာကြတဲ့ PDF လူငယ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့။**

## ၂၀၂၅ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ်စာအုပ်စာစောင်များမှ ကောင်းနိုးရာရာခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "အနာဂတ်ကမ္ဘာစိမ်းလန်းစိုပြည်ဖို့ တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင် အလေးထားဆောင်ရွက်စို့" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇူလိုင်လ) ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ခင်မောင်အေးတို့၏ "အနာဂတ်ကမ္ဘာစိမ်းလန်းစိုပြည်ဖို့ တစ်ပင်စိုက်တစ်ပင်ရှင်သန်အောင် အလေးထားဆောင်ရွက်စို့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ ကိုဇော်ငွေး(ယဉ်ကျေးမှု)၊ ညီမော်သိမ်း၊ ဝင်းထွဋ်ဦးတို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ရွှေသင်(MPP)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ မြသဲ (သုတေသန)၊ မြသိန်း၊ ရှင်စောဖြူ တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ရဲထက်ဇော်၊ မြင့်မောင် (Phil-Q) တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ နေ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဖွန်ရွှေထိုက်၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ဒေါက်တာသန်းထွဋ်၊ စိုးစိုး (ပန်းတောင်း)၊ ကိုကိုအောင် (အလုပ်သမား) တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ပါမောက္ခဦးသိန်းလှိုင်၊ ကြည်လွင်ဦး (ရေနံ)၊ ထက်ဝေအောင်(စစ်ကိုင်း)၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းမော်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် ဇူလိုင်လ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

### မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

### အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီ ဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

### လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၈ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၈၉ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

### ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၆ မီလီမီတာမှ ၂၇ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၈ မီလီမီတာမှ ၃၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

### မြေဆီလွှာအောင်းရေအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ) အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

# ဘုရားတည်မလား၊ ကျောင်း၊ အိမ်ဆောက်မလား၊ ဒါတွေ ဒါတွေ မှတ်လို့ထား(၃)

လွန်ခဲ့သော ဥပုသ်နေ့က ဖြစ်၏။ အဘိုးတို့၏ စကားဝိုင်းဖွဲ့ရာ သုဓမ္မာဇရပ်အနီးက ခရေပင်အောက်သို့ ရောက်ခဲ့၏။ ခရေပင်ခြေရင်းက ကွပ်ပျစ်ပေါ်တွင် အဘိုးတို့သည် စုံစုံညီညီရောက်နေကြပြီ ဖြစ်၏။ နားထောင်ကြမည့်သူတို့သည်လည်း ရောက်နေကြ၏။ အဘိုးတစ်ယောက်က စကားဝိုင်းကို စတင်လိုက်၏။

'လွန်ခဲ့တဲ့ သီတင်းနေ့တုန်းက ပန္နက်တော်တင်နဲ့ တွင်းတော်ဝန်မင်္ဂလာအကြောင်းကို ပြောခဲ့၊ ဆိုခဲ့ကြတယ် မဟုတ်လား ကိုကြီးပိန်ရဲ့။'

'ဟုတ်ပါ့ ကိုကြီးကြောင်ရာ။ ဒီနေ့တော့ အုတ်မြစ်တော်စီမင်္ဂလာအကြောင်းကို ပြောကြမယ်လေ။ ဒါကိုတော့ ကိုကြီးကွက်ချီးကပဲ စပြီးပြောရင် ကောင်းမယ်ထင်တယ်ဗျာ။'

'စပြီးပြောဆိုလည်း ပြောရမှာပေါ့ဗျာ။ ဘုရားတစ်ဆူတည်တဲ့နေရာမှာ အုတ်မြစ်တော်စီတဲ့ မင်္ဂလာဟာလည်း မှန်ကန်ဖို့လိုတယ်ဗျ။ ဒီခေတ်မှာက အတုအယောင် အပေါ်ယံရွှေမှုကြဲတာတွေက ရှိနေတာကိုး။ တကယ့်အစစ်အမှန်ဖြစ်အောင် လုပ်ကြစေချင်တယ်ဗျာ။'

'ဘယ်လိုလဲ ကိုကြီးကွက်ချီးရဲ့။'

ဒီလိုပါ ကိုကြီးချမ်းအေးရဲ့။ အုတ်မြစ်တော်စီတဲ့နေရာမှာ အစီအစဉ်မှန်ဖို့လိုတယ်။ ရှေးဦးစွာ ရဟန်းသံဃာတော်များ သီတင်းသုံးဖို့ မဏ္ဍပ်တစ်ခုဆောက်လုပ်ထားရမယ်။ အဲ့ဒီမဏ္ဍပ်ထဲ ရဟန်းသံဃာတော်များ ရောက်လာပြီးတာနဲ့ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်အပ်တို့ကို ဆရာတော်များထံ ကပ်လှူကြရမယ်။'

'အဲ့ဒီလို ကပ်လှူပြီးတာနဲ့ ဘာတွေဆက်လုပ်ရမှာလဲ၊ ဒါကိုတော့ ကိုကြီးစိန်နိုက ပြောစေချင်တယ်ဗျာ။'

'ပရိတ်ချည်တွေ ကပ်လှူပြီးတာနဲ့ ငါးပါးသီလဖြစ်ဖြစ်၊ ရှစ်ပါးသီလဖြစ်ဖြစ်၊ ကိုးပါးသီလဖြစ်ဖြစ် သံဃာတော်တစ်ပါးထံမှ ဧည့်ပရိသတ်တွေက ခံယူကြရမယ်။ အဲ့ဒီလို သီလခံယူပြီးတာနဲ့ စီမံထားတဲ့ အုတ်တွေကို ဆရာတော်တွေထံ ကပ်ကြရမယ်။'

'စီမံထားတဲ့ အုတ်တွေအကြောင်းကိုတော့ ကိုကြီးချမ်းအေးကပဲ ပြောပြစမ်းပါဗျာ။'

'အင်း‥ဒီစီမံထားတဲ့ အုတ်တွေအကြောင်း ပြောရမယ်ဆိုရင်တော့ ညှာနေလို့ မဖြစ်ဘူးထင်တယ်။ ဘုရားတည်တာတောင် ညှာနေရင် အမှားတွေကို အမှန်လို့ ထင်နေကြမယ်။ ရှေးလူကြီးတွေက ဘုရားတည်တာတောင် လိမ်ပြီးတည်ကြတယ်လို့ အနာဂတ်လူငယ်သမိုင်းပညာရှင်တွေက စွပ်စွဲကြလိမ့်မယ်။'

'ဘယ်လိုလဲ ကိုကြီးချမ်းအေးရဲ့ လင်းစမ်းပါဦးလေ။'

'ဒီလိုပါ ကိုကြီးကြာခိုင်ရယ်၊ ရွှေအုတ်စီတယ်၊ ငွေအုတ်စီတယ်လို့ လူတွေသိအောင် တိုင်းကျော်၊ ပြည်ကျော် ပြောဆိုနေကြတယ်လေ။ ရွှေအုတ်အစစ် ဟုတ်၊ မဟုတ်၊ ငွေအုတ်အစစ်ဟုတ်၊ မဟုတ် သိချင်ကြတဲ့ အနာဂတ်လူငယ်သမိုင်းပညာရှင်တွေက တူးဖော်ကြည့်ကြတယ်ဆိုပါစို့။ ရွှေအစစ်၊ ငွေအစစ် မဟုတ်ဘဲ ရွှေစက္ကူ၊ ငွေစက္ကူတွေ၊ ရွှေရောင်၊ ငွေရောင်တွေနဲ့ အုတ်တွေကို တွေ့လိုက်တာနဲ့ ဒီလူကြီးတွေဟာ လူလိမ်တွေပဲလို့ ပြောကြတော့မှာပေါ့။'

'ဆက်စမ်းပါဦးလေ ကိုကြီးချမ်းအေးရဲ့။'

'ဆက်ပါ့မယ်လေ။ ရွှေရောင်သုတ်ထားတဲ့ အုတ်ခဲ၊ ငွေရောင်သုတ်ထားတဲ့ အုတ်ခဲ၊ ပတ္တမြားရောင်သုတ်ထားတဲ့အုတ်ခဲ၊ နီလာရောင်သုတ်ထားတဲ့ အုတ်ခဲ၊ သန္တာရောင်သုတ်ထားတဲ့ အုတ်ခဲ၊ ပုလဲရောင်သုတ်ထားတဲ့ အုတ်ခဲ၊ ဥဿဖရားရောင်သုတ်ထားတဲ့ အုတ်ခဲ၊ မြစိမ်းရောင်သုတ်ထားတဲ့ အုတ်ခဲအရောင်စုံကို အကန့်လိုက်ခြယ်ထားတဲ့ အုတ်ခဲတွေနဲ့ အုတ်မြစ်တွေ စီနေကြတာတွေဟာ အစစ်တွေမဟုတ်ဘဲ အတုတွေပဲ မဟုတ်လား။'

'ဒါဆိုရင် ဘယ်လိုလုပ်ရမှာလဲ ကိုကြီးချမ်းအေးရဲ့။'

'ဒီလိုလေ ကိုကြီးတုတ်ပေါရဲ့။ ဘုရားတစ်ဆူလုံးတောင် တည်မှတော့ ရွှေအစစ်နဲ့လုပ်တဲ့ ရွှေအုတ်၊ ငွေအစစ်နဲ့လုပ်တဲ့ ငွေအုတ်၊ ပတ္တမြားအစစ်နဲ့လုပ်တဲ့ ပတ္တမြားအုတ်၊ နီလာအစစ်နဲ့လုပ်တဲ့ နီလာအုတ်၊ သန္တာအစစ်နဲ့လုပ်တဲ့ သန္တာအုတ်၊ ပုလဲအစစ်နဲ့လုပ်တဲ့ ပုလဲအုတ်၊ ဥဿဖရားအစစ်နဲ့လုပ်တဲ့ ဥဿဖရားအုတ်၊ မြစိမ်းအစစ်နဲ့လုပ်တဲ့ မြစိမ်းအုတ်၊ ရွှေတစ်ကန့်၊ ငွေတစ်ကန့်၊ ပတ္တမြားတစ်ကန့်၊ နီလာတစ်ကန့်၊ သန္တာတစ်ကန့်၊ ပုလဲတစ်ကန့်၊ ဥဿဖရားတစ်ကန့်၊ မြစိမ်းတစ်ကန့်အစစ်တို့နဲ့လုပ်ထားတဲ့ အုတ်ခဲ စုစုပေါင်း ကိုးခဲ ဖြစ်ရမယ်ဗျ။'

'ဟုတ်ပြီဗျာ ကိုကြီးချမ်းအေး ပြောမှပဲ လင်းသွားတော့တယ်။'

'ဒီအုတ်တွေကို ဆရာတော်များထံ ကပ်လှူပြီးတာနဲ့ ဘာတွေဆက်လုပ်ရမယ်ဆိုတာကိုတော့ ကိုကြီးစိန်မြကပဲ ရှင်းပြစေချင်တယ်ဗျာ။'

'ရှင်းပါ့မယ် ကိုကြီးအယ်ဘောရယ်။ ရတနာအုတ် ကိုးခဲကို ဆရာတော်များထံ ကပ်ပြီးတာနဲ့ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ရေ၊ ပရိတ်ပန်းတွေကို ဥပါသကာတွေကယူပြီး ဘုရားတည်မယ့် မြေပြင်အနှံ့ ရေ၊ သဲ၊ ပန်းတွေကို ဖျန်းပက်ရမယ်။ အပ်ချည်ကိုတော့ ပတ်ပတ်လည် လက်ယာရစ်လှည့်ပြီး ချည်နှောင်ရမယ်။'

'ပရိတ်ရေ၊ ပရိတ်သဲတွေ ပက်ဖျန်းပြီးတော့ ဘာဆက်လုပ်ရမလဲ ကိုကြီးစိန်မြရယ်။'

'စောစောက ဆရာတော်များထံ ကပ်လှူထားတဲ့ ရတနာအုတ် ကိုးခဲကို ဘုရားဒါယကာ၊ ဘုရားဒါယိကာမ မိသားစု ကိုးဦးတို့က 'ရတနာအုတ်တို့အား ပြန်လည်စွန့်လွှတ်ပါရန် လျှောက်ထားတောင်းခံရမယ်။' ဆရာတော်များက 'မင်္ဂလာအုတ်မြစ်စီရန် ပြန်လည်စွန့်လွှတ်ပါတယ်လို့ မိန့်တော်မူရမယ်'ပြီးမှ ဘုရားဒါယကာကြီးက ရွှေအုတ်၊ ဘုရားဒါယိကာမကြီးက ငွေအုတ်တို့ကို ကိုင်ဆောင်ရမယ်။ ပြီးမှ သား၊ သမီး၊ မြေး၊ မြစ်၊ ဆွေမျိုးမိတ်ဆွေတွေက အသက်ကြီးငယ်တန်းစီပြီး အုတ်တို့ကို ပင့်ဆောင်ကြရမယ်။ အဲ့ဒီရတနာအုတ်ခဲ ကိုးခဲကို တန်းစီကိုင်ထားတဲ့ ကိုးယောက်တို့ရဲ့ရှေ့မှာ ဒေဝါဝင်း၊ နောက်မှာ ရာဇာဝင်း ခင်းကြရမယ်။ ဒီဒေဝါဝင်း၊ ရာဇာဝင်းတွေမှာ ဘာတွေပါရမယ်ဆိုတာကိုတော့ ကိုကြီးကြောင်ကပဲ ရှင်းပြပါတော့ဗျာ။'

'ကိုင်း‥ရှင်းပြရသေးတာပေါ့ဗျာ။ ရတနာအုတ် တစ်ချပ်စီ ကိုင်ထားကြတဲ့ ဘုရားဒါယကာ၊ ဘုရားဒါယိကာမ ကိုးယောက်တို့ရဲ့ ရှေ့ကနေရမယ့် ဒေဝါဝင်းမှာ လူပေါင်း ၂၇ ယောက်ရှိရမယ်။ တကယ်လို့ ရင်ပေါင်တန်းဝင်းနှစ်ဝင်း ခင်းမယ်ဆိုရင်တော့ လူပေါင်း ၅၄ ယောက်ရှိရမှာပေါ့။ ဒီဒေဝါဝင်းမှာ ရှေ့ဆုံးနံပါတ်(၁)က ကမ္ဘာဦးရသေ့၊ နံပါတ်(၂)က ဗြဟ္မာမင်း၊ နံပါတ်(၃)က တောင်ပိုင်ဘိုးဘိုးကြီး တို့ဖြစ်တယ်။'

'တောင်ပိုင်ဘိုးဘိုးကြီးနောက် နံပါတ်(၄)ကတော့ သိကြားမင်း၊ နံပါတ်(၅)ကတော့ စေတီပါလဘိုးဘိုးကြီး၊ နံပါတ်(၆)ကတော့ ဝိဿနှင့် နံပါတ်(၇)ကတော့ အလောင်းတော်နတ်သားတို့ ဖြစ်ကြတယ်။'

'အလောင်းတော်နတ်သားနောက် နံပါတ်(၈)ကတော့ မာတလိနတ်သား၊ နံပါတ်(၉)က ဝိသုကြံနတ်သား၊ နံပါတ်(၁၀)က ဓတရဋ္ဌနတ်မင်း၊ နံပါတ်(၁၁)က ဝိရူဠှကနတ်မင်းနဲ့ နံပါတ်(၁၂)က ဝိရူပက္ခနတ်မင်းတို့ပဲပေါ့။'

'ဝိရူပက္ခနတ်မင်းရဲ့နောက် နံပါတ်(၁၃)က ကုဝေရနတ်မင်း၊ နံပါတ်(၁၄)က ဝသုန္ဒရေမြေစောင့်နတ်၊ နံပါတ်(၁၅)က နဂါးမင်း၊ နံပါတ်(၁၆)က ဂဠုန်မင်း၊ နံပါတ်(၁၇)က ဂုမ္ဘာန်မင်းနဲ့ နံပါတ်(၁၈)က ယက္ခနတ်ဘီလူးမင်းတို့ဖြစ်တယ်။'

'ယက္ခနတ်ဘီလူးမင်းရဲ့နောက် နံပါတ်(၁၉)က ဂန္ဓဗ္ဗပဥ္စသိခ်နတ်မင်း၊ နံပါတ်(၂၀)က မဏိမေခလာဒေဝီ၊ နံပါတ်(၂၁)က စန္ဒီဒေဝီ၊ နံပါတ်(၂၂)က သူရဿတီဒေဝီနဲ့ နံပါတ်(၂၃)ကတော့ စန္ဒာဒေဝီတို့ ဖြစ်ကြတယ်'။

'စန္ဒာဒေဝီရဲ့နောက် နံပါတ်(၂၄)က သီရိဒေဝီ၊ နံပါတ်(၂၅)က ဣရဒ္ဓသီဒေဝီ၊ (၂၆)က ဣရန္ဒဒီဒေဝီနှင့် (၂၇)က ယက္ခမီဘီလူးမယ်တော်တို့ပဲပေါ့။ ရတနာအုတ်တွေ ကိုင်ထားတဲ့ သူတွေရဲ့နောက်က လိုက်ရမယ့် ရာဇာဝင်း အစီအစဉ်ကိုတော့ ကိုကြီးတုတ်ပေါကပဲ ပြောပြပါတော့ဗျာ'

'ဟုတ်ကဲ့။ ရာဇာဝင်းမှာလည်း (၂၇) ယောက်ပဲ လိုပါတယ်။ ရင်ပေါင်တန်းဝင်းခင်းမယ်ဆိုရင်တော့လည်း ၅၄ ယောက်ပဲလိုပါတယ်။ ရှေ့ဆုံးနံပါတ်(၁)က ရှေ့ပြေးလေးသည်တော်၊ (၂)က ရှေ့ပြေးကြိမ်ခေတ်၊ (၃)က စစ်သည်ရဲမက်တော်၊ (၄)က ပုဏ္ဏားတော်ပုရောဟိတ်၊ (၅)က စစ်သူကြီး၊ (၆)က ဝန်းနီ၊ (၇)က ရွှေမြို့တော်ဝန်၊ (၈)က ရှင်ဘုရင်၊ (၉)က မိဖုရား(က)၊ (၁၀)က မိဖုရား(ခ)၊ (၁၁)က မိဖုရား(ဂ)၊ (၁၂)က မိဖုရား(ဃ)၊ (၁၃)က အပျိုတော်၊ (၁၄)က အပျိုတော်၊ (၁၅)က မဟာဒါန်ဝန်မင်း၊ (၁၆)က စစ်သည်ရဲမက်တော်၊ (၁၇)က အပျိုတော်သား၊ (၁၈)က အိမ်ရှေ့မင်း၊ (၁၉)က အိမ်ရှေ့မိဖုရား၊ (၂၀)က အပျိုတော်၊ (၂၁)က ဝန်းစိမ်း၊ (၂၂)က သမားတော်ဇီဝက၊ (၂၃)က စစ်သည်တော်ရဲမက်၊ (၂၄)က စစ်သူကြီး၊ (၂၅)က အနောက်ဝန်မင်း၊ (၂၆)က နောက်ပိတ်ကြိမ်တော်နှင့် (၂၇)က နောက်ပိတ်လေးသည်တော်တို့ဖြစ်ပါတယ်'။

'ဒီရတနာအုတ်တွေကို ဘယ်လိုစီရမယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိချင်တယ် ကိုကြီးဖိုးကြူးရယ်'။

'ဟောဒီရတနာအုတ်တွေကို အတွင်းအုတ်လို့ခေါ်တယ်။ ဘုရားတည်မယ့် ဖိနပ်တော်ရဲ့ ရှစ်မျက်နှာမှာလည်း ကျင်း ရှစ်ကျင်းတူးထားရမယ်။ အဲ့ဒီကျင်းရှစ်ကျင်းထဲမှာ အပြင်အုတ် ရှစ်ချပ်ကို စီရမယ်။ အဲ့ဒီအပြင်အုတ်မှာတော့ ရှစ်မျက်နှာအလိုက်နေ့သားတွေဟာ အဆင်သင့်ရှိနေရမယ်။ အဲ့ဒီနေ့သား ရှစ်ယောက်တို့ဟာ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ပိတ်ဖြူကို လောကဘတ်ထိုးထားရမယ်။ မောင့်ကျက်သရေခေါင်းပေါင်း ပေါင်းထားရမယ်'။

'ဘယ်နေ့သားတွေက ဘယ်နေရာမှာနေရမှာလည်း ကိုကြီးဖိုးကြူးရဲ့'။

'အရှေ့မြောက်ထောင့် အရပ်လို့ခေါ်တဲ့ တနင်္ဂနွေထောင့်မှာ တနင်္ဂနွေသားကနေရမယ်။ အရှေ့အရပ်လို့ခေါ်တဲ့ တနင်္လာအရပ်မှာ တနင်္လာသားက နေရမယ်။ အရှေ့တောင်ထောင့်အရပ်လို့ခေါ်တဲ့ အင်္ဂါထောင့်မှာ အင်္ဂါသားက နေရမယ်။ တောင်အရပ်လို့ခေါ်တဲ့ ဗုဒ္ဓဟူးအရပ်မှာ ဗုဒ္ဓဟူးသားက နေရမယ်။ အနောက်တောင်ထောင့်အရပ်လို့ခေါ်တဲ့ စနေထောင့်မှာ စနေသားက နေရမယ်။ အနောက်အရပ်လို့ခေါ်တဲ့ ကြာသပတေးအရပ်မှာ ကြာသပတေးသားက နေရမယ်။ အနောက်မြောက်ထောင့် အရပ်လို့ခေါ်တဲ့ ရာဟုထောင့်မှာ ဗုဒ္ဓဟူးနေ့ နေ့ ၁၂နာရီနဲ့ ည ၁၂ နာရီအတွင်းမွေးတဲ့ ရာဟုသားက နေရမယ်။ မြောက်အရပ်လို့ခေါ်တဲ့ သောကြာအရပ်မှာ သောကြာသားက နေရမယ်'။

'ဘယ်လိုနေပြီး ဘာတွေကိုင်ထားရမှာလဲ ကိုကြီးဖိုးကြူးရဲ့'။

'အဲ့ဒီနေ့သား ရှစ်ယောက်တို့ဟာ ရိုးရိုးအုတ်ခဲ တစ်ခဲစီ ကိုင်ထားပြီး စန်းပွင့်တဲ့ အရပ်စီမျက်နှာလှည့်ပြီး ရပ်နေကြရမယ်။ မိမိတို့ရဲ့ရှေ့မှာ အုတ်စီမယ့် တွင်းများကို ထားရမယ်'။

'ရတနာအုတ်တွေ စီမယ့်လူတွေကရော ကိုကြီးဖိုးကြူးရဲ့'။

'ရတနာအုတ်တွေစီဖို့ကလည်း အရပ်ရှစ်မျက်နှာမှာ ရှစ်ကျင်းနဲ့ အလယ်ခေါင်မှာ တစ်ကျင်း စုစုပေါင်း ကိုးကျင်း စီမံထားရမယ်။ အလယ်ခေါင်ကျင်းမှာတော့ ဝါတော်အကြီးဆုံး ရဟန်းတော်တစ်ပါး၊ ညာဘက်က ရဟန်းတော်တစ်ပါး၊ အဲ့ဒီရဟန်းတော်ရဲ့ ညာဘက်က ဘုရားဒါယကာတစ်ဦး၊ အလယ်ရဟန်းတော်ရဲ့ ဘယ်ဘက်က အကြီးအကဲ တစ်ဦးတို့ဟာ ရောင်စုံရတနာအုတ်နဲ့ ရွှေကြုတ်၊ ငွေကြုတ်တို့ကို ကိုင်ထားရမယ်။ ကျန်တဲ့ ရတနာအုတ် ရှစ်ချပ်ကိုတော့ သင့်လျော်တဲ့ လူရှစ်ယောက်တို့က ကိုင်ထားရမယ်။ ရတနာအုတ်များနဲ့ ရွှေကြုတ်၊ ငွေကြုတ် ကိုင်ထားသူများကလည်း စန်းပွင့်ရာအရပ်ကို မျက်နှာလှည့်ပြီး နေကြရမယ်'။

'အပြင်အုတ်သမားတွေရော၊ အတွင်းအုတ်သမားတွေရော ဘယ်အချိန်မှာ ဘာတွေဆက်လုပ်ရမှာလဲ ကိုကြီးဖိုးကြူးရဲ့'။

'မင်္ဂလာအုတ်မြစ်စီဖို့ ရွေးချယ်ထားတဲ့ ရက်ရဲ့ ဟောရတ်တြင်းနဝင်းကောင်းတဲ့အချိန်မှာ အခါပေးတဲ့ ပုဂ္ဂိုလ်က 'မင်္ဂလာအခါတော်'လို့ မင်္ဂလာအခါတော်ကြားလိုက်တာနဲ့ တစ်ပြိုင်နက်ထဲ ရွှေကြုတ်၊ ငွေကြုတ် လျှင်လျှင်မြန်မြန်ထည့်ပြီး ရတနာအုတ်တွေအပြင် အုတ်တွေ တစ်ပြိုင်နက် အုတ်မြစ်စီကြရမယ်။ အားလုံးပရိသတ်တွေကလည်း သာဓုသုံးကြိမ် ခေါ်လိုက်ကြရမယ်။ ဒီနေရာမှာ ရွှေကြုတ်၊ ငွေကြုတ်တွေရဲ့အပေါ်မှာ ရောင်စုံရတနာအုတ်စီရမယ်ဆိုတာ မမေ့ရဘူး'။

'ဒီလို အုတ်မြစ်စီပြီးတာနဲ့ အားလုံးပြီးရောလား ကိုကြီးဖိုးကြူးရဲ့'။

'အုတ်မြစ်တွေ စီပြီးတာနဲ့ ရွှေမိုးတွေ၊ ငွေမိုးတွေ ရွာကြတယ်လေ။ ရွှေမိုး၊ ငွေမိုးရွာပြီးနောက် မင်္ဂလာအုတ်မြစ်စီတာ အောင်မြင်ပြီလို့ ပြောရမှာပေါ့ ကိုကြီးဖိုးမှိုင်းရာ'။

အဘိုးတို့၏ စကားသံများရပ်သွားကြ၏။ နေမင်းကြီးသည်လည်း စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ထိပ်များပေါ်သို့ မေးတင်နေပြီဖြစ်၏။

မောင်လောက

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Zhu Yilong က (၃၇)ကြိမ်မြောက် Hundred Flowers Awards ဆုရရှိ

တရုတ်ပြည်ရုပ်ရှင်နယ်ပယ်၏ ဂုဏ်သိက္ခာအမြင့်ဆုံးထူးချွန်ဆု Hundred Flowers Awards ဆုပေးပွဲတွင် အနုပညာထူးချွန်ဆုများ ပေးအပ်ခဲ့ရာ ကျူရီလောင်က အကောင်းဆုံးမင်းသားဆုကို Lighting Up The Stars နှင့်ရရှိသွားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ထူးချွန်ဆုမှာ အမြင့်ဆုံးသုံးဆုထဲမှ တစ်ဆုဖြစ်ပြီး နိုင်ငံအဆင့်ထူးချွန်ဆုတစ်ဆုလည်းဖြစ်ကာ အကောင်းဆုံးရုပ်ရှင်ဆုကို To The War, ဒါရိုက်တာဆုကို ချောင်အာနှင့်ကျန်းရီမူး၊ ဇာတ်ညွှန်းဆုကို ဒေါင်ရမ်နိုင်းနှင့် ယင်လောင်ဂျီးတို့က ရရှိခဲ့ကြသည်။

အကောင်းဆုံးအနုပညာရှင် မင်းသားဆုကို ကျူရီလောင်၊ မင်းသမီးဆုကို မာလီ၊ ဇာတ်ပို့ဆုကို လီရှုဂျင်းနှင့် ကျန်းရီလင်း၊ မျက်နှာသစ်ဆုကို ယူရှီတို့က အသီးသီးရရှိခဲ့ကြပြီး အနုပညာရှင်များစွာတို့၏ ပွဲတက်ပုံရိပ်များကို ပရိသတ်စိတ်ဝင်စားခဲ့ကြသည်။

(SKY)

## Lu Han က Olympic ပွဲတော်နှင့် လိုက်ဖက်သည့် သီချင်းကိုးပုဒ်မှ တစ်ပုဒ်ရွေးခံရ

တရုတ်အနုပညာရှင် အိပ်ဇိုအဖွဲ့ဝင်ဟောင်း လူဟန်သည် အိုလံပစ်ပွဲတော်နှင့် လိုက်ဖက်သည့် သီချင်းကိုးပုဒ်မှ တစ်ပုဒ်ရွေးချယ်ခံရ၍ ပရိသတ် ဂုဏ်ယူနေကြသည်။

လူဟန်သည် အိပ်ဇိုအဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ပြီး အဖွဲ့မှထွက်ခွာ၍ တရုတ်အနုပညာလောကတွင်လည်း အောင်မြင်မှုရရှိထားသော အဆိုတော်၊ သရုပ်ဆောင်တစ်ဦးဖြစ်သည့်အပြင် ကိုယ်တိုင်ရေးသားထားသော သီချင်းများတွင် အားကစားသီချင်းလည်းပါဝင်နေ၍ အိုလံပစ်ပွဲတော်နှင့် လိုက်ဖက်သည့် သီချင်းကိုးပုဒ်ရွေးချယ်ခဲ့ရာ လူဟန်၏ သီချင်းတစ်ပုဒ်လည်း ရွေးချယ်ခံခဲ့ရသည်။

တရုတ်နေရှင်နယ်မီဒီယာတစ်ခုဖြစ်သည့် People's Daily ၏ ကြော်ငြာချက်အရ တရုတ်အားကစားသမားပြိုင်ပွဲဝင်များကို ဂုဏ်ပြုသည့် Dragon သီချင်းကို တစ်ဦးတည်းသော တရုတ်နိုင်ငံကိုယ်စားပြု Olympic Qualifier Series Ambassador အိုလံပစ်မီးရှူးတိုင်ကိုင်ဆောင်ခွင့်ရသူ ဝမ်ရိဘိုက အိုလံပစ်ပြိုင်ပွဲဝင်များအတွက် ဂုဏ်ပြုသီချင်းသီဆိုပေးခဲ့သည်။

(SKY)





## အသက်အိုမင်းမှုကို တိုက်ရိုက်နှေးကွေးစေသည့် ဒြပ်ပေါင်းတစ်မျိုး အမေရိကန်သိပ္ပံပညာရှင်များ မကြာသေးမီက လေ့လာတွေ့ရှိ

ဆဲလ်များနှင့် သက်ရှိများတွင် အသက်အိုမင်းမှုကို တိုက်ရိုက်နှေးကွေးစေသည့် ဒြပ်ပေါင်းတစ်မျိုးကို အမေရိကန်ပြည်ထောင်စု အေမိုရီတက္ကသိုလ်မှ သိပ္ပံပညာရှင်များ မကြာသေးမီက တွေ့ရှိခဲ့သည်။

၎င်းတို့၏ လေ့လာမှုအသစ်အရ စိတ်ကိုပြောင်းလဲစေသော မှိုများတွင်ပါဝင်သည့် ဆီလိုကလိုင်ဘင်ဒြပ်ပေါင်း စားသုံးသည့်အခါ ဖြစ်ပေါ်လာသော ဆီလိုစင်သည် လူ့အရေပြားနှင့် အဆုတ်ဆဲလ်များ၏ သက်တမ်းကို ၅၀ ရာခိုင်နှုန်းကျော် တိုးစေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

အိုမင်းနေသော ကြွက်များ၏ တစ်ကိုယ်လုံးကို မည်သို့သက်ရောက်မှုရှိစေသည်ကို စမ်းသပ်ရာ၌ လူသား အသက် ၆၀ မှ ၆၅ နှစ်နှင့်ညီမျှသော လ ၁၉ လသား ကြွက်များကို အသုံးပြုခဲ့သည်။

ဆီလိုစင်က ကင်ဆာ၊ အာရုံကြောယိုယွင်းမှုနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကဲ့သို့သော အိုမင်းမှုနှင့်သက်ဆိုင်သော ကျန်းမာရေးပြဿနာများကို ကုစားပေးနိုင်မည်ဟု ယူဆရကြောင်း သိရသည်။

(SCI)

## G Dargon ၏ ဂီတသစ် Too Bad မှာ မျိုးဆက်သစ်များကြား ထိပ်ဆုံးရရှိထား

ဘစ်ဘန်းအဖွဲ့ခေါင်းဆောင်ဟောင်း ဂျီဒရယ်ဂွန်(ခေါ်)ကွမ်ဂျီယောင်း၏ ဂီတသစ် Too Bad မှာ မျိုးဆက်သစ်ကေပေါ့ပ်များကြား လွှမ်းမိုးမှုရှိခဲ့ပြီး ၁၁၈ နာရီအတွင်း Perfect All Kill (PAK) ရရှိသွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ်အမျိုးသားအနုပညာရှင် အများစုမှာ Physical ပိုင်းတွင် ရှေ့ဆုံးက ပြေးနေကြသော်လည်း Digital ပိုင်းတွင် အားနည်းခဲ့သည်။



မျိုးဆက်သစ်ကေပေါ့ပ်အဖွဲ့များကြား တစ်ကိုယ်တော်ဂီတ Too Bad နှင့် ဂျီဒရယ်ဂွန်က ၁၁၈ နာရီအတွင်း PAK ရရှိခဲ့သည့် ၂၀၂၅ ခုနှစ်အတွက် ဒုတိယသီချင်းဖြစ်ခဲ့ပြီး အချိန်တိုအတွင်း PAK ရရှိထားသည့် ဂျီဒရယ်ဂွန်၏ ငါးခုမြောက်သီချင်းဖြစ်ခဲ့ကာ နိုင်ငံတကာ မျိုးဆက်သစ်များအကြား ရေပန်းအစားဆုံးဖြစ်ခဲ့သည်။ (SKY)

## HORI70N ကေပေါ့ပ်အဖွဲ့ကို ဖိလစ်ပိုင်လူငယ်များနှင့် ဖွဲ့စည်းထား

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ HORI70N ကို ဖိလစ်ပိုင်လူငယ်များနှင့် ဖွဲ့စည်းထားပြီး ဖိလစ်ပိုင်နှင့် ကိုရီးယားတွင် လှုပ်ရှားမှုများစွာ ပြုလုပ်နေပြီး ကိုးဦးသာ ရွေးချယ်မည်ဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါအဖွဲ့သည် မိုမိုလန်းအင်တာတိန်းမင့်လက်အောက်မှဖြစ်ပြီး လက်ရှိ MLD အင်တာတိန်းမင့်နှင့် ဖိလစ်ပိုင်ရုပ်သံလိုင်း TVS တို့တွင် ပြိုင်ပွဲကျင်းပနေကာ ဖိလစ်ပိုင်လူမျိုးအများဆုံးပါဝင်ပြီး ၇၅ ဦးယှဉ်ပြိုင်ကြရာမှ ကိုးဦးသာ ရွေးချယ်ဖွဲ့စည်းမည်ဖြစ်သည်။

ဒါရာက ပွဲကို ဦးစီး၍ ဟောဘင်း၊ ပတ်ဝူဂျင်း၊ ဆန်ရီဒန်း၊ ဖစ်ချီတို့က ရွေးချယ်ကာ Be The Next: 9 December မှ ပွဲဦးထွက်ခွင့်ရလျှင် ကိုရီးယားရော၊ ဖိလစ်ပိုင်တွင်ပါ ပရိမိုးရှင်းဆင်းခွင့်ရမည်ဖြစ်သည်။

(SKY)

## Selena Gomez ၂၀၂၅ စစ်တမ်းအရ လူမှုကွန်ရက်တွင် ကြိုက်နှစ်သက်သူ များပြား



ကမ္ဘာကျော်အနုပညာရှင် စလီနာဂိုးလ်မတ်စ်သည် ၂၀၂၅ စစ်တမ်းအရ အင်စတာဂရမ်လူမှုကွန်ရက်တွင် ကြိုက်နှစ်သက်သူ အများဆုံးဖြစ်ခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစစ်တမ်းအရ စလီနာဂိုးလ်မက်စ်သည် အင်စတာဂရမ်ပေါ်တွင် ကြိုက်နှစ်သက်သူ သန်း ၄၂၀ ကျော်နှင့် ကြိုက်နှစ်သက်သူ အများဆုံးအမျိုးသမီးအနုပညာရှင်ဖြစ်ခဲ့သည်။

စလီနာဂိုးလ်မက်စ်က ကြော်ငြာပို့စ်တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းနီးပါး ရရှိထားကာ လက်ရှိ ပရဟိတလုပ်ငန်းများနှင့် ဂီတလောကသို့ ခြေမလှည့်နိုင်သော်လည်း ပရိသတ်အားပေးမှု တစ်ခဲနက်နှင့် ကြိုက်နှစ်သက်သူအများဆုံးဖြစ်ခဲ့သည်။ (SKY)

## The Boy in the Last Row ဇာတ်လမ်း ပြင်သစ်ဝတ္ထုပြဇာတ်ကို ပြန်ရိုက်ကူးထား

ပြင်သစ်ဝတ္ထုပြဇာတ်ကို ပြန်လည်ရိုက်ကူးပုံဖော်ထားသည့် The Boy in the Last Row တွင် မင်းသားကြီး ချိုင်မန်ဆစ်နှင့် ချိုင်ဟွမ်ဝုဒ်တို့ အဓိကပါဝင်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းမှာ မင်းသားကြီး ချိုင်မင်ဆစ်၏ ဒုတိယမြောက် ဇာတ်လမ်းတွဲဖြစ်ပြီး တက္ကသိုလ်ကျောင်းဆရာတစ်ဦး (စာရေးဆရာ)က စာစောင်တစ်ခုသာရေးပြီး နာမည်မရှိဖြစ်ခဲ့ရာမှ သူ့အတန်း၏ နောက်ဆုံးတန်းမှ ကျောင်းသား၏ စာအရေးအသားကို သဘောကျရာနှင့် စတင်သည့် ဇာတ်လမ်းဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် Our Blues ဒါရိုက်တာက ရိုက်ကူးထားသည်။

ချိုင်မင်ဆစ်သည် ရုပ်ရှင်ဇာတ်ကားကြီးများနှင့် အောင်မြင်မှုရရှိထားသူဖြစ်ကာ မျိုးဆက်သစ်မင်းသားချော ချိုင်ဟွမ်ဝုဒ်နှင့်အတူ တွဲ၍ ဇာတ်လမ်းတွဲရိုက်ကူးထားသည်။

(SKY)





# စီးပွားရေးစင်္ကြံစီမံကိန်းအရ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်မည်ဟု တရုတ်ပြောကြား

ပေကျင်း ဇူလိုင် ၂၂

တရုတ်နိုင်ငံသည် စီးပွားရေးစင်္ကြံစီမံကိန်းအရ နိုင်ငံစုံဘုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ကာ သာတူညီမျှရှိသည့်အနာဂတ်ကို ဖော်ဆောင်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂါအိုဂျီကန်က ဇူလိုင် ၂၂ ရက်တွင် ပြောကြားသည်။

စီးပွားရေးစင်္ကြံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ယခုအချိန်တွင် ဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်တစ်ခုသို့ရောက်ရှိနေပြီဖြစ်ကာ ယူရေးရှားမှ အာဖရိကနှင့် လက်တင်အမေရိကဒေသများအထိ ရုပ်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုအပြင် အဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်မှုနှင့် ဒေသခံအချင်းချင်းချိတ်ဆက်မှုများ ဆောင်ရွက်ခဲ့ကာ ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်များသည်နိုင်ငံပေါင်း ၁၅၀ ကျော်မှနိုင်ငံသားများအတွက် အကျိုးပြုခဲ့ကြောင်း ဂါအိုဂျီကန်ကပြောကြားသည်။

စီးပွားရေးစင်္ကြံစီမံကိန်းအရ ဂျကာတာ ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားလမ်း၊ တရုတ်-ဥရောပ ကုန်ရထားပြေးဆွဲမှုနှင့် အာဖရိကဒေသတွင် ဆိုလာစွမ်းအင်လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ထောင်ခဲ့ခြင်းမှာ အောင်မြင်မှုများဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုသည် ကုန်သွယ်မှုနှင့် စက်မှုပူးပေါင်းဆောင်ရွက်မှုအတွက် စင်္ကြံတစ်ခုအဖြစ် ချဲ့ထွင်လာကာ နိုင်ငံတကာစက်မှုကွင်းဆက်ကို ပေါင်းစည်းပေးပြီး ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်၏ တည်ငြိမ်မှုနှင့် ခံနိုင်ရည်အားကို အကာအကွယ်ပေးရန်အတွက် နိုင်ငံများကို ကူညီထောက်ပံ့ပေးကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# ဆက်လက်တာဝန်ထမ်းဆောင်မည်ဟု ရှီဂေးရုအိရှီဘ ပြောပြီးနောက် ယန်းငွေတန်ဖိုးမြင့်တက်ကာ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်း




တိုကျို ဇူလိုင် ၂၂

ညွန့်ပေါင်းအစိုးရအဖွဲ့ အထက်လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်နေရာအများစု ဆုံးရှုံးခဲ့သော်လည်း ခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ယူသွားမည်ဟု ဇူလိုင် ၂၁ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ရှီဂေးရု အိရှီဘ ထုတ် ဖော်ပြောကြားခဲ့ပြီးနောက် ယန်းငွေ တန်ဖိုး မြင့်တက်ခဲ့ကြောင်း သိရသည်။

အဆိုပါရလဒ်သည် အံ့အားသင့်စရာမဟုတ်ဘဲ ဈေးကွက်တွင် အများစု ကြိုတင်ထည့်သွင်းတွက်ချက်ထားပြီးဖြစ်ရာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အမေရိကန်အကောက်ခွန်ညှိနှိုင်းမှုများအတွက် သတ်မှတ်ရက်မတိုင်မီ ဈေးကွက်မတည်ငြိမ်မှုများကို ရင်ဆိုင်ရန် ပြင်ဆင်နေခဲ့ကြသည်။

ဂျပန်ဈေးကွက်များသည် အစိုးရရုံးပိတ်ရက်ကြောင့် ပိတ်ထားခဲ့ရာ ဖြစ်နိုင်ခြေရှိသော ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်ပူပန်မှုများကို ပြသသည့် အဓိကအညွှန်းကိန်းမှာ ယန်းငွေသာ ဖြစ်သည်။

အခြားတစ်ဖက်တွင်မူ ဒေါ်လာသည် အမေရိကန်အစိုးရငွေတိုက်စာချုပ် အထွက်နှုန်း ကျဆင်းမှုနှင့်အတူ ငွေကြေးအများစုနှင့် နှိုင်းယှဉ်ပါက ဈေးကွက်၌ တန်ဖိုးကျဆင်းခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

0-0-0-0

# တိဗက်ဒေသ၌ တည်ဆောက်နေသော တရုတ်ရေအားလျှပ်စစ်ဆည်ကြီး ကမ္ဘာ့အကြီးဆုံး ဆည်ဖြစ်လာကာ စွမ်းအင်သုံးဆ ပိုမိုထုတ်လုပ်နိုင်မည်

ပေကျင်း ဇူလိုင် ၂၂

ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်ဆည်ကြီးကို တရုတ်အာဏာပိုင်များက တိဗက်ကုန်းမြင့် ဒေသအတွင်း၌ စတင်တည်ဆောက်နေပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဒေသတွင်း မီဒီယာများအရ တရုတ်ဝန်ကြီးချုပ် လီချိန်းသည် ဇူလိုင် ၁၉ ရက်က ယာလုံဆန်ပိုမြစ်ပေါ်တွင် တည်ဆောက်ရေးလုပ်ငန်းစတင်ခြင်းကို အထိမ်းအမှတ်ပြုသည့် အခမ်းအနား တစ်ခုကို ဦးဆောင်ကျင်းပခဲ့သည်။

အဆိုပါမြစ်သည် တိဗက်ကုန်းပြင်မြင့်ကို ဖြတ်သန်းစီးဆင်းလျက်ရှိပြီး ခန့်မှန်းခြေ ယွမ် ၁ ဒသမ ၂ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၆၇ ဘီလီယံ၊ ပေါင် ၁၂၅ ဘီလီယံ) ကုန်ကျမည့် အဆိုပါစီမံကိန်းသည် ဂေဟစနစ်ထိန်းသိမ်းကာကွယ်ရေးကို ဦးစားပေးမည်ဖြစ်သဖြင့် ဒေသခံများ၏ သာယာဝပြောရေးကို မြှင့်တင်ပေးမည်ဟု တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။

ပြီးစီးသည့်အခါ မိုတိုရေအားလျှပ်စစ်စခန်းဟုလည်း လူသိများသော အဆိုပါစီမံကိန်းသည် ကမ္ဘာ့အကြီးဆုံး ဆည်ဖြစ်သည့် တရုတ်နိုင်ငံမှ စမ်းဂိုကျိုး ဆည်ကိုကျော်လွန်၍ ကမ္ဘာ့အကြီးဆုံး ဆည်ဖြစ်လာကာ စွမ်းအင်သုံးဆ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ Mon

တရုတ်နိုင်ငံအတွင်း မွန်ဂိုလီးယားဒေသတွင် ကျင်းပသော (၉)ကြိမ်မြောက် ယဉ်ကျေးမှုလက်ရာပြပွဲ၌ ကျောက်ပန်းချီလက်ရာတစ်ခုကို အမျိုးသမီးပရိသတ် သုံးဦး စိတ်ဝင်တစားကြည့်ရှုနေကြစဉ်။ Mon



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ဂျပန်နိုင်ငံတွင် ဆန်ရှားပါးမှုနှင့် ဈေးနှုန်းမြင့်တက်နေချိန်တွင် တောင်ကိုရီးယားဒေသအချို့တွင် ဆန်အခမဲ့နီးပါး ပေးဝေနေ



ဆိုးလ် ဇူလိုင် ၂၂

ဂျပန်နိုင်ငံတွင် ဆန်ရှားပါးမှုနှင့် ဈေးနှုန်းမြင့်တက်မှုများ ရင်ဆိုင်နေရကာ သွင်းကုန်များကို တိုးမြှင့်ရန် တွန်းအားပေးနေရချိန်၌ တောင်ကိုရီးယားနိုင်ငံတွင်မူ အရန်ဆန် လုံလောက်စွာရှိနေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တောင်ကိုရီးယားတွင် ဂျပန်နှင့် ဆန့်ကျင်ဘက်ပြဿနာနှင့် ကြုံတွေ့နေရပြီး ဆန်များ အဆမတန် ပိုလျှံနေမှုကြောင့် ဈေးနှုန်းများ အလွန်အမင်း ကျဆင်းသွားရာ ဒေသအချို့တွင် ဆန်များကို အခမဲ့နီးပါး ပေးဝေနေရသည်။

ဆန်ရှားပါးမှုနှင့် ပိုလျှံမှုတို့က ပြည်သူများ၏ ငွေကြေးနှင့် အသက်မွေးဝမ်းကျောင်းများကို ထိခိုက်လာသည်နှင့်အမျှ ဆန်ရရှိနိုင်မှု မတည်ငြိမ်ခြင်းသည် ထမင်းဝိုင်းထက် ကျော်လွန်သော သက်ရောက်မှုများ ရှိလာနိုင်ကြောင်း လေ့လာသူများက ထောက်ပြသည်။

တရားဝင်အချက်အလက်များအရ တောင်ကိုရီးယားအစိုးရသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ဆန်တန်ချိန် ၁ ဒသမ ၂ သန်း ဝယ်ယူခဲ့ရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ ခန့်တန်ဖိုးရှိသော ဆန်များကို အစိုးရသိုလှောင်ရုံများတွင် သိုလှောင်ထားရှိကြောင်း သိရသည်။

Mon

# ရေကျွန်းနက်စ်ကျွန်းဆွယ်ရှိ မီးတောင်မှ ထွက်လာသော ဓာတ်ငွေ့များကြောင့် လေထုညစ်ညမ်းမှုအတွက် အနီရောင်သတိပေးချက် သတ်မှတ်ခံခဲ့ရ



ရေကျာဗစ် ဇူလိုင် ၂၂

ယခင်အပတ်က ဖြစ်ပွားခဲ့သည့် မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးငွေ့တိမ်တိုက်များသည် အိုက်စလန်နိုင်ငံ၏ နေရာအတော်များများကို လွှမ်းခြုံနေခဲ့ရာ ယင်းမှာ ပုံမှန်မဟုတ်ဘဲ လေငြိမ်နေခြင်းကြောင့်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ဇူလိုင် ၂၁ ရက်တွင် ပြောကြားခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ရေကျွန်းနက်စ်ကျွန်းဆွယ်ရှိ မီးတောင်ဝနှစ်ခုမှ ဆာလ်ဖာဓာတ်ကြွယ်ဝသော ဓာတ်ငွေ့များကို စတင်မှုတ်ထုတ်ခဲ့ရာမှ ထူထပ်သော မြူခိုးများကို ဖြစ်ပေါ်စေခဲ့ပြီး ရေကျာဗစ်မြို့တော်နှင့် နိုင်ငံ၏ အနောက်တောင်ပိုင်းဒေသတို့သည် လေထုညစ်ညမ်းမှုအတွက် အနီရောင်သတိပေးချက် (အိုက်စလန်၏ အမြင့်ဆုံးအဆင့်) သတ်မှတ်ခံခဲ့ရသည်။

မီးတောင်ပေါက်ကွဲမှုများသည် ပုံမှန်အားဖြင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပွားစေပြီး ထိုဓာတ်ငွေ့များသည် လေထုထဲတွင် ဆာလ်ဖိတ်အဖြစ် ပြောင်းလဲကာ မီးတောင်မြူကို ဖြစ်ပေါ်စေတတ်သည်ဟု အိုက်စလန်စွမ်းအင်နှင့် ပတ်ဝန်းကျင်အေဂျင်စီမှ ဟိုင်လူနာအာနာဆင်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

0-0-0

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ငလျင်ဘေး ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြသပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ(ရန်နိုင်)၌ ကျင်းပသည်။



ရှေးဦးစွာ စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ဟန်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးလောင်မှုဖြစ်ပွားပါက လုပ်ဆောင်ရမည့်အချက်များ၊ ငလျင်ဘေးဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်နည်းလမ်းများကို ကျောင်းသူ၊ ကျောင်းသားများ သိရှိနားလည်သဘောပေါက်စေရန် Power Point ပြသ၍ အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းနှင့် အခြားမီးငြိမ်းသတ်နည်းအမျိုးမျိုးအား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**နေလင်းအောင်(ပြန်/ဆက်)**



## ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အင်ပက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များဖြန့်ဝေကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှု လျှော့ချရေး အသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

## ပင်းတယ-ရှာငံကားလမ်းတွင် ယာဉ်မတော်တဆမှု ဖြစ်ပွား

**ရှာငံ ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာငံမြို့နယ်၊ ပင်းတယ-ရှာငံကားလမ်း၊ ဝါးပိုးရေကျေးရွာအနီးတွင် ဇူလိုင် ၂၀ ရက် ညနေ ၃ နာရီက မော်တော်ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး-- မောင်းနှင်ပြီး အမျိုးသား၊ အမျိုးသမီး ငါးဦးခန့် လိုက်ပါလာသော မော်တော်ယာဉ်သည် ပင်းတယဘက်မှ မိတ္ထီလာဘက်သို့ ပင်းတယ-ရှာငံ-တောင်ပေါ်ကြီးကားလမ်းအတိုင်း မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ လမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

အဆိုပါအခင်းဖြစ်နေရာသို့ ရှာငံမြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းတို့သည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရရှိသူများအား ရှာငံတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)(၀၅၇)**



မူးယစ်ဟူက တိုက်ဖျက်ကြ။

## လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် စက်မှုဇုန်အခြေခံပညာအလယ်တန်းကျောင်းတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီခွဲက အဆိုပါကျောင်းဝင်းအတွင်းရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(မိတ္ထီလာမြို့)မှ တပ်ဖွဲ့စိတ်မှူး ဒုတိယရဲမှူးလှိုင်စိုးက လူကုန်ကူးမှုဖြစ်စဉ်များ၊ လူကုန်ကူးသူတို့ အသုံးပြုသည့်နည်းလမ်းများ၊ လူကုန်ကူးခံရပါက ဆောင်ရွက်ရမည့်အချက်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါ အချက်အလက်များအား အသိပညာပေး ဟောပြောကာ သိရှိလိုသည့်မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(မိုးသီး)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ခဲ့ရာ တာချီလိတ်မြို့နယ်၊ ပန်ချီဟတ်ရွာ၊ ကျိုင်းတုံ-တာချီလိတ်လမ်းဘေးတစ်နေရာ၌ စုံပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ တာချီလိတ်မြို့နယ်၊ နာတလိကျေးရွာအနီး တာချီလိတ်-မိုင်းဆတ် လမ်းဘေး တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၂၁၈ တန်၊ အခြားသစ် ၀ ဒသမ ၁၄၆ တန်နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Dayan မော်တော်ဆိုင်ကယ်တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၁ ရက်တွင် နေပြည်တော် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌




တရားမဝင် ကျွန်းသစ် ၁ ဒသမ ၈၆၈ တန်၊ အခြားသစ် ၃၂ ဒသမ ၆၁၆ တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင် ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အင်းစိန်မြို့နယ်တွင် ငွေကျပ် ၄၈ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်း အသုံးပြုသယ်ဆောင်ရောင်းဝယ်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၂

အင်းစိန်မြို့နယ်တွင် ငွေကျပ် ၄၈ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်းအသုံးပြု သယ်ဆောင်ရောင်းဝယ်သည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၂ ရက် ည ၆ နာရီခွဲတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ သိန်းဝင်းထွန်းနှင့် ထွန်းထွန်းလင်း(ခ)ကိုထွန်းတို့ ငှားရမ်းထားသည့်နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဇော်ဇော်လွင်အား အိုက်စ်(မက်သ်အဖက်တမင်း)၁၈၇၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၄၆ ဒသမ ၈၇၅ ဘီလီယံ)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း(၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၆ ဘီလီယံ)နှင့် TOYOTA DYNA ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို လွှဲပြောင်းပေးအပ်ခဲ့သူ နေမျိုးကျော်အား ည ၇ နာရီတွင် လှိုင်မြို့နယ် (၁၆) ရပ်ကွက် ပါရမီလမ်းတွင်ဖမ်းဆီးရမိခဲ့ကြောင်း၊ ဇူလိုင် ၁၅ ရက်တွင် စိတ်ပြောင်းဆေးဝါးများ တာဝန်ခံသယ်ဆောင်သူ ကြည်ဖြူ(ခ)ကျော်ဝင်းငွေနှင့် ဇော်မင်းနိုင်တို့မှာ ထားဝယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် KLUGER ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကြည်ဖြူ(ခ)ကျော်ဝင်းငွေမှာ မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ပြီး ယင်းနေ့ညနေ ၄ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများကို ပင်လယ်ရေကြောင်းဖြင့် မလေးရှားရေပိုင်နက်သို့ ပို့ဆောင်သူ စိုးလင်းပိုင်(ခ)လင်းလင်းအား ပြည်မြို့ နဝဒေးတံတားတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြစ်ဝမှ မလေးရှားရေပိုင်နက်သို့ပို့ဆောင်သူ စက်လှေပိုင်ရှင် ရဲထွန်း(ခ)ပုံ့နင်း(ခ)ဖိုးသာဂိအား ပုသိမ်ကြီးမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ပြီး ရဲထွန်းမှာလည်း မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေးတစ်ဦးဖြစ်ကြောင်း၊ ဇူလိုင် ၁၇ ရက် ညနေ ၄ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများကို ရန်ကုန်မြစ်ဝသို့ တာဝန်ခံသယ်ဆောင်ပေးသူ အောင်ရတနာ စက်လှေပိုင်ရှင် သိန်းသန်းငွေ(ခ)ဇော်ဇော်အောင်(ခ)ငငွေနှင့် ကျော်စွာမင်း(ခ)မင်းမင်း၊ မျိုးထွန်း(ခ)ကိုထွန်းတို့အား မင်္ဂလာဒုံမြို့နယ်၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိ စိတ်ပြောင်းဆေးဝါးများကို ဘောစိ(ခ)ပန်းသီး (ခ)အုံနာမှ သိန်းဝင်းထွန်းနှင့် ထွန်းထွန်းဝင်း(ခ)ကိုထွန်းတို့အား နေအိမ်ငှားရမ်း၍ သိမ်းဆည်းခိုင်းခြင်းဖြစ်ကြောင်း၊ မလေးရှားရေပိုင်နက်သို့ အဓိကသယ်ဆောင်ရောင်းဝယ်သူမှာ ကိုစိုင်းနှင့် မောင်မောင်တို့ဖြစ်ပြီး ကြည်ဖြူ(ခ)ကျော်ဝင်းငွေနှင့် ၎င်း၏တပည့်ဖြစ်သူ အောင်ဖြိုး(ခ)အောင်ဖြိုးနိုင်(ခ)ကိုမျိုးတို့သည် ရန်ကုန်မြို့မှ ပင်လယ်ဝသို့လည်းကောင်း၊ ပင်လယ်ဝမှတစ်ဆင့် မလေးရှားရေပိုင်နက်သို့လည်းကောင်း သယ်ဆောင်ရန် စီမံခန့်ခွဲသူဖြစ်ကြောင်း၊ ရန်ကုန်မှတစ်ဆင့် ပင်လယ်ဝသို့ စိတ်ပြောင်းဆေးဝါးများကို ယာဉ်၊ စက်လှေတို့ဖြင့် တာဝန်ခံသယ်ဆောင်သူမှာ သိန်းသန်းငွေ(ခ) ဇော်ဇော်အောင်(ခ)ငငွေဖြစ်ကြောင်း၊ ရန်ကုန်မြစ်ဝမှတစ်ဆင့် မလေးရှားရေပိုင်နက်သို့ ၎င်းပိုင်စက်လှေဖြင့် တာဝန်ခံသယ်ဆောင်သူမှာ ရဲထွန်း(ခ)ပုံ့နင်း(ခ)ဖိုးသာဂိဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိပြီး ယင်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့သည် ပြည်ပသို့ပင်လယ်ရေကြောင်းအသုံးပြု၍ မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှု အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်သို့ပို့ဆောင်မည့် တရားခံ ကြည်ဖြူ(ခ)ကျော်ဝင်းငွေ၊ ဇော်မင်းနိုင်၊ သိန်းသန်းငွေ(ခ)ဇော်ဇော်အောင်(ခ)ငငွေ၊ ကျော်စွာမင်း(ခ)မင်းမင်း၊ မျိုးထွန်း(ခ)ကိုထွန်းတို့အား ဖမ်းဆီးရမိမှုမှတ်တမ်း။




တရားခံ နေမျိုးကျော်၊ ဇော်ဇော်လွင်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။




စိတ်ပြောင်းဆေးဝါးများအား မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် တရားခံ ရဲထွန်း(ခ)ပုံ့နင်း(ခ)ဖိုးသာဂိနှင့် စိုးလင်းပိုင်(ခ)လင်းလင်းတို့အား ဖမ်းဆီးရမိမှုမှတ်တမ်း။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ငါးဦး ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးလျက်ရှိသည်။



ထိုသို့ လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား လေးဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားငါးဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။


ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ သံရုံးနှင့် ကင်ညာနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ သံရုံးကိုယ်စားလှယ် Mr.Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၉၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၆၀ အား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၉ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာ အားကစား သတင်းများ

## အီကီတီကီကို ခေါ်ယူရန် လီဗာပူးအသင်း သဘောတူညီမှုရရှိ



**လီဗာပူး ဇူလိုင် ၂၂**

ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းသည် ဖရန့်ဖတ်အသင်းတိုက်စစ်မှူး အီကီတီကီကို စတာလင်ပေါင် ၇၉သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လာမည့်ရက်ပိုင်းအတွင်း လီဗာပူးအသင်းနှင့် လာရောက်ပူးပေါင်းကာ ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အီကီတီကီသည် ဖရန့်ဖတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

လီဗာပူးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ထိပ်သီးကစားသမားများစွာ ခေါ်ယူအားဖြည့်ထားနိုင်ခဲ့ပြီး စတာလင်ပေါင် သန်း ၃၀၀နီးပါးအထိ အသုံးပြုထားသည်။

**(NGB)**

## ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ်ကို မန်ချက်စတာစီးတီးအသင်း ခေါ်ယူမည်



**မန်ချက်စတာ ဇူလိုင် ၂၂**

မန်ချက်စတာစီးတီးအသင်းသည် လက်ရှိအသင်းဂိုးသမား အီဒါဆန်နှင့်အဆင်မပြေဖြစ်နေခဲ့ပြီး ဂိုးသမားနေရာဖြည့်တင်းရန်အတွက် ဘန်လေအသင်းဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ်ကို ခေါ်ယူသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

အသက်(၂၂)နှစ်အရွယ်ရှိ ဂိုးသမားသည် ဘန်လေအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူသွားမည်ဖြစ်သည်။

ဘန်လေအသင်းကလည်း ဂိုးသမား ဂျိမ်းစ်ထရက်ဖို့ဒ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းအနေဖြင့် ဘန်လေအသင်းထံမှ ဂျိမ်းစ်ထရက်ဖို့ဒ်ကို ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဂရင်းဝုဒ်ကို ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း ဆွေးနွေး

**မက်ဒရစ် ဇူလိုင် ၂၂**

စပိန်လာလီဂါထိပ်သီးကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် မာဆေးလ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး ဂရင်းဝုဒ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂရင်းဝုဒ်သည် မာဆေးလ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၆ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂရင်းဝုဒ်ကိုယ်တိုင်ကလည်း မာဆေးလ်အသင်းနှင့်အဆင်မပြေဖြစ်နေခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မာဆေးလ်အသင်းထံမှ ဂရင်းဝုဒ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။**(အောက်ပုံ)**

**(NGB)**



## မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဆုဖလားများစွာ ရယူသွားမည်ဟု အမ်ဘူမို ပြောကြား

**လန်ဒန် ဇူလိုင် ၂၂**

မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမားသစ် အမ်ဘူမိုက မိမိအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘရန့်ဖို့ဒ်အသင်းမှ မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၅သန်း+အပိုဆုကြေး စတာလင်ပေါင် ၆သန်းဖြင့် ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား အမ်ဘူမိုသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၂ပွဲကစားပြီး ဂိုး ၇၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ အမ်ဘူမိုက "ကျွန်တော် အသင်းနဲ့အတူ ဆုဖလားများစွာ ရယူသွားမှာပါ။ မန်ချက်စတာယူနိုက်တက်အသင်းလို ကမ္ဘာ့ကြီးကျယ်ခမ်းနားဆုံးအသင်းကို ရောက်ရှိခဲ့လို့လည်း အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို နွေးထွေးစွာ ကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## အော်စကာကော်တက်စ်ကို ရိန်းဂျားစ်အသင်း အပြီးသတ်ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၂**

ရိန်းဂျားစ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက လန်းစ်အသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တောင်ပံကစားသမား အော်စကာကော်တက်စ်ကို ယူရို ၅ဒသမ ၅သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အဆိုပါ တောင်ပံကစားသမားသည် ရိန်းဂျားစ်အသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ အော်စကာကော်တက်စ်က "ကျွန်တော် ရိန်းဂျားစ်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ လာမယ့် ဘောလုံးရာသီမှာ အောင်မြင်မှုတွေ ရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ရိန်းဂျားစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ခုနစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**



## 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၇ ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၂၂**

ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၂၇ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၈ရက်အထိ ၁၃ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဩစတြေးလျတင်းနစ်ကစားသမား Alexei Popyrin နှင့် အမေရိကန်တင်းနစ်မယ် Jessica Pegula တို့ ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## ရေနီယာဂျေးဇူး ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည်

**မက်ဒရစ် ဇူလိုင် ၂၂**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ရေနီယာဂျေးဇူးသည် အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အသင်းဟောင်း ဖလာမင်ဂိုအသင်းက ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ရေနီယာဂျေးဇူးသည် ငါးနှစ်တာကာလအတွင်း ရီးရဲလ်မက်ဒရစ်အသင်းတွက် တစ်ပွဲမျှ ပါဝင်ကစားခွင့်မရရှိသေးဘဲ ဒေါ့မွန်၊ ဂျီရိုနာ၊ ဖရီစီနိုနီ၊ ဂရန်းနာဒါ စသည့် ကလပ်အသင်းများသို့ အငှားဖြင့်သာ သွားရောက်ကစားခဲ့ရသည်။ **(ယာပုံ)**



ထို့ကြောင့် အသင်းဟောင်း ဖလာမင်ဂိုအသင်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာလာမည်ဖြစ်သည့် ရေနီယာဂျေးဇူးကို အသင်းသို့ ပြန်လည်ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | | |
|---|---|---|---|---|
| ၂၃-၇-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ ၆း၀၀နာရီ | အာဆင်နယ်(အင်္ဂလန်) | - | အေစီမီလန်(အီတလီ) |
| ၂၄-၇-၂၀၂၅ ကြာသပတေးနေ့ | နံနက်၀၀း၀၀နာရီ | ဂါလာတာစာရေး(တူရကီ) | - | ကယ်ဂလီယာရီ(အီတလီ) |
| ။ | နံနက်၀၀း၃၀နာရီ | ဘရန့်ဖို့ဒ်(အင်္ဂလန်) | - | မစ်ဒယ်ဘရော့(အင်္ဂလန်) |
| ။ | ။ | ဗလင်စီယာ(စပိန်) | - | လီဂါနက်စ်(စပိန်) |
| ။ | နံနက်၀၁း၀၀နာရီ | ဂျီရိုနာ(စပိန်) | - | အက်စ်ပန်ညို(စပိန်) |

## စစ်ကိုင်းမြို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းမြို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ မဟာစည်းခုံကြီး ဘုရားဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးအောင်သန်းက စက်ကိုင်တွယ်အသုံးပြုခြင်းနှင့် မဲပေးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

**(အောက်ပုံ)**

ထို့နောက် မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ ပါဝင်သည့် ဆက်စပ်ပစ္စည်းများ တပ်ဆင်အသုံးပြုပုံ၊ အီလက်ထရောနစ် မဲပေးစက်လက်တွေ့တပ်ဆင်လေ့ကျင့်ခြင်းနှင့် မဲပေးစက်များစစ်ဆေးခြင်းများကို သင်တန်းကာလ ၁၄ ရက်ကြာ စာတွေ့၊လက်တွေ့ ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၇၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**





## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် ဌာနဆိုင်ရာဝန်ထမ်းများ ကွန်ပျူတာကျွမ်းကျင်မှု Advanced Course (၁/၂၀၂၅) သင်တန်းဖွင့်ပွဲ တက်ရောက်

**မကွေး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ ကွန်ပျူတာကျွမ်းကျင်မှု Advanced Course သင်တန်း(၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက မကွေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်း၊ ခရိုင်၊မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

**(အပေါ်ပုံ)**

ထို့နောက် မကွေးကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးမင်းသန်းက သင်တန်းတွင် ပို့ချမည့် အစီအမံများအား ရှင်းလင်းတင်ပြပြီး သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူ နှစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါ သင်တန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်း ၃၀ ဦးအား သင်တန်းနည်းပြများက ကွန်ပျူတာဖြင့် အခြေခံရုံးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကွန်ပျူတာကျွမ်းကျင်မှု Advanced Course သင်တန်းပို့ချမှုများကို နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်ဆက်)**

## အငြိမ်းစားပင်စင်စားများအား UID (ခေါ်) Smart Card အား အခမဲ့ပြုလုပ်ပေး



**မန္တလေး ဇူလိုင် ၂၂**

မန္တလေးမြို့ပေါ်ရှိ မြို့နယ်အသီးသီးမှ အငြိမ်းစားပင်စင်စားများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက UID(ခေါ်) Smart Card အား ယနေ့နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်(၂)၌ အခမဲ့ ပြုလုပ်ပေးခဲ့သည်။ **(ဝဲပုံ)**

ထိုသို့ ပြုလုပ်ပေးရာတွင် အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင် ဦးဆောင်၍ ဝန်ထမ်းများက အငြိမ်းစားပင်စင်စားများအား ဘဏ်သို့ပင်စင်လာရောက်ထုတ်ယူရင်း UID(ခေါ်) Smart Card များအား အလွယ်တကူ ရရှိနိုင်ရေး ယနေ့မှစ၍ ဇူလိုင်လကုန်ထိ နံနက်၉ နာရီ မှ ညနေ ၄ နာရီခွဲအထိ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ Smart Card များ ဆောင်ရွက်ပေးရာသို့ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ ၊ အဖွဲ့ဝင် အောင်မြေသာစံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် အဖွဲ့ဝင် ဦးဇော်လင်းဦးတို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည် ။

**(၀၃၇)**

၀-၀-၀-၀-၀

## စာပတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ဆိုင်ရာစွမ်းရည် မြှင့်မားရေးပြိုင်ပွဲများ ကျင်းပ

**ဇေယျာသီရိ ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဖိတ်ခေါ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ဆိုင်ရာစွမ်းရည်မြှင့်မားရေးပြိုင်ပွဲများကို ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြစန်းရီက ကလေးငယ်များ ပြည်သူ့စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိပြီး ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများ ကြွယ်ဝစေရန်ရည်ရွယ်၍ ယခုလို ပြည်သူ့စာကြည့်တိုက်သို့ ဖိတ်ခေါ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြပွဲများ၊ ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကလေးငယ်များအား ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိသည့် ကလေးငယ်များအား ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းပို့ချ

**မန္တလေး ဇူလိုင် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးလုပ်ငန်းဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲနှင့် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ် သတ္တဗေဒဌာနတို့ ပူးပေါင်း၍ ပျားမွေးမြူရေး ပြည်သူပညာပေး



သင်တန်းကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါ တက္ကသိုလ်ရှိ သတ္တဗေဒဌာန လက်တွေ့စာသင်ခန်းများတွင် သင်ကြားပို့ချခဲ့သည်။

ရှေးဦးစွာ သတ္တဗေဒဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမိမိခိုင်က အဖွင့်အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် မွေးမြူရေးနှင့်ကုသရေးလုပ်ငန်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးမောင်တင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ကျောက်ပန်းတောင်းမြို့နယ်တာဝန်ခံ ဦးစီးအရာရှိ ဒေါ်မူမူခိုင်က "ပျားမွေးမြူရေး ဝေါဟာရများအကြောင်း"၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ စဉ့်ကိုင်မြို့နယ်တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းကိုက "လက်တွေ့ကွင်းပိုင်းဆိုင်ရာ ပျားမွေးမြူရေးအကြောင်း"၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ ပုသိမ်ကြီးမြို့နယ် တာဝန်ခံ ဦးစီးအရာရှိ ဦးငွေအောင်က "ပျားတို့၏ အရောင်အဆင်း၊ အနံ့အရသာအကြောင်း"၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ ပြင်ဦးလွင်မြို့နယ် တာဝန်ခံ လက်ထောက်ဦးစီးမှူး ဦးမင်းသန်းဦးက "ပျားတို့တွင် ကျရောက်တတ်သော ပျားရောဂါများနှင့် ကာကွယ်၊ ကုသနည်းများအကြောင်း"၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ ပျော်ဘွယ်မြို့နယ် တာဝန်ခံ ဒုတိယဦးစီးမှူး ဦးဇော်မင်းထွန်းက "ပျားများ၏ သွင်ပြင်လက္ခဏာအကြောင်း" စသည့် ပညာရပ်များကို ဇူလိုင်လ ၂၁ရက်မှ ၂၂ရက်အထိ စာတွေ့လက်တွေ့ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(၀၈၂)**

## မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း (၈/ ၂၀၂၅) ဖွင့်လှစ်

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MYANMAR ELECTRONIC VOTING MACHINE) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း (၈/၂၀၂၅)ဖွင့်ပွဲကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည်။



ရှေးဦးစွာ မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးရဲမင်းလွင်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်း၍ အီလက်ထရောနစ်မဲပေးစက် တည်ဆောက်ပုံ၊ ထိန်းချုပ်စက်ကိုင်တွယ် အသုံးပြုခြင်း၊ မဲရလဒ်များ ထုတ်ယူရေတွက်ခြင်း၊ မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ၊ မဲပေးစက်၏ လုံခြုံစိတ်ချရမှု စသည့်အချက်အလက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများ၏ မြန်မာအီလက်ထရောနစ်မဲပေးစက် (MYANMAR ELECTRONIC VOTING MACHINE) လက်တွေ့တပ်ဆင်အသုံးပြုမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိနှင့် သင်တန်းသား၊ သင်တန်းသူများက ပြန်လည်ဖြေကြားခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက် (MYANMAR ELECTRONIC VOTING MACHINE) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြအဆင့်သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၀၁ ဦး တက်ရောက်လျက်ရှိပြီး ဇူလိုင် ၁ ရက်မှ ၂၆ ရက်အထိ သင်တန်းကာလ နှစ်ရက်လျှင် တစ်ကြိမ်နှုန်းဖြင့် သင်တန်း (၁၀) ကြိမ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း မဟာအောင်မြေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။ **(၀၅၆)**



## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ကံမ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၅၂)အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၁ နာရီက ကျွဲတလင်းကျေးရွာအုပ်စုမှ တောင်သူ ၁၀၃ ဦးတို့၏ မိုးစပါးစိုက်ဧက ၃၃၈ ဧကအတွက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် ၅၀၇သိန်းအား ထုတ်ပေးခဲ့သည်။

ထိုသို့ ထုတ်ပေးရာတွင် ကံမမြို့နယ်၌ ငွေကျပ် သိန်းပေါင်း သုံးသောင်းအား ထုတ်ချေးပေးရန် လျာထားပြီး မိုးစပါးစိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း၊ မြေပဲ၊ နှမ်း အစရှိသည့် အခြားသီးနှံစိုက်ဧက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင် တောင်သူများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

*-*-*-*-*

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သာယာကုန်းကျေးရွာအုပ်စု၊ ရုံးပင်ဇောင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရုံးပင်ဇောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၀ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၈ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁၃ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

## စာအုပ်၊ စာစောင်ပြပွဲ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်၊ စာစောင်ပြပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ရွှေအိုး(၂)မူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ စာအုပ်၊စာစောင်ပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ဝန်ထမ်းများက တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များအား စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာအုပ်၊ စာစောင်များမှတစ်ဆင့် အသိပညာများ တိုးပွားလာစေရန်၊ စာပေဗဟုသုတများ ကြွယ်ဝတိုးတက်လာစေရန် ရည်ရွယ်ပြီး ယခုလို စာအုပ်၊ စာစောင်ပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အလုပ်တာဝန်များဖြင့် မအားလပ်၍ မလာရောက်နိုင်သူများအတွက် Mobile Library စနစ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိသည်။



စာအုပ်၊ စာစောင်ပြပွဲတွင် သုတ၊ ရသစာအုပ်များ၊ ရုပ်ပြစာစောင်များ၊ အသိပညာဗဟုသုတရရှိစေမည့် စာအုပ်များကို ခင်းကျင်းပြသ၍ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်လူရွယ်များ စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**နောင်နောင်(မိဿနိုးမြေ)**



## ပြည်ပနိုင်ငံများသို့ တင်ပို့နေသော နှမ်းနက်(စမုန်)ဈေးနှုန်းမြင့်တက်လာသော်လည်း အခြားနှမ်းရောင်စုံ အရောင်းအဝယ်အေးနေ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော နှမ်းရောင်စုံရှိသည့်အနက် နှမ်းနက်(စမုန်) အမျိုးအစားမှာ ပြည်ပနိုင်ငံများမှ ဝယ်ယူမှုရှိခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာသော်လည်း အခြားနှမ်းရောင်စုံမှ အရောင်းအဝယ်အေးနေကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ သိရသည်။

ပြည်ပနိုင်ငံများ ဝယ်ယူမှုရှိခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် နှမ်းနက်(စမုန်)မှာ ဇူလိုင် ၁၀ ရက်တွင် ငွေကျပ် ၇၃၀၀၀၀- ၈၁၀၀၀၀ မှ ဇူလိုင် ၂၁ ရက်တွင် ငွေကျပ် ၈၁၀၀၀၀-၈၆၀၀၀၀ အထိ မြင့်တက်လာသော်လည်း အခြားနှမ်းရောင်စုံမှာမူ ပြည်တွင်းအဝယ်ပုံမှန်သာရှိခြင်းကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရသည်။

"အခုကကတော့ ပြည်ပနိုင်ငံက ဝယ်ယူမှုသွက်လက်ရင် ဈေးကွက်ထဲမှာလည်း ဈေးနှုန်းက မြင့်တက်လာတာပါ။ ကုန်သည်တွေကလည်း အဝယ်ရှိတော့ ဈေးကောင်းရမှပဲရောင်းကြတာကြောင့် ဈေးနှုန်းတွေ ကောင်းလာတာဖြစ်ပါတယ်။ အခုအခြေအနေကတော့ ပြည်ပအဝယ်ရှိနေတဲ့ နှမ်းနက်(စမုန်)ကတော့ ကျရိပ်မရှိသေးဘူး" ဟု အဆိုပါအသင်းမှ အသင်းသားကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်ထဲ၌ နှမ်းဖြူများမှာ မကြာမီတွင် အသစ်ဝင်ရောက်လာတော့မည်ဖြစ်ခြင်းကြောင့် ဈေးနှုန်းအေးနေသော်လည်း နှမ်းညိုမှာ ပြည်တွင်းဆီစက်လုပ်ငန်းများ ဝယ်ယူမှုရှိလာသဖြင့် ယခုရက်ပိုင်းတွင် အရောင်းအဝယ် အနည်းငယ်ဖြစ်လာသည်။

မန္တလေး ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ ဇူလိုင် ၂၁ ရက် ပဲဈေးနှုန်းထုတ်ပြန်ချက်များအရ သုံးတင်းဝင်တစ်အိတ်လျှင် နှမ်းနက်(စမုန်) ငွေကျပ် ၈၆၀၀၀၀၊ နှမ်းဖြူ (JP) ငွေကျပ် ၃၅၀၀၀၀- ၃၇၀၀၀၀၊ နှမ်းဖြူ (ဗမာ) ၃၀၀၀၀၀-၃၂၀၀၀၀၊ နှမ်းညို (သစ်) ငွေကျပ် ၂၈၅၀၀၀- ၂၉၀၀၀၀ ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းတွင် နှမ်း၊ မြေပဲသီးနှံများကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး အခြားသော ဒေသများတွင်လည်း စိုက်ပျိုးကြကြောင်း၊ ထွက်ရှိလာသည့် သီးနှံများကို ပြည်ပတင်ပို့ခြင်းအပြင် ပြည်တွင်းတွင် ဆီကြိတ်ခွဲခြင်း၊ ပဲကြော်လုပ်ငန်းများ၊ မုန့်လုပ်ငန်းများနှင့် စားသောက်ကုန်လုပ်ငန်းများ ထုတ်လုပ်ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ဂျိုင်း(ချိုင်း)ကြားအသားအရေယားယံရတဲ့ အကြောင်းအရင်းတွေနဲ့ အမြန်ဆုံးသက်သာစေမယ့် နည်းလမ်းများ

ဂျိုင်း(ချိုင်း)ယားတာက ရာသီဥတုပူခြင်း စိုထိုင်းမှုများတဲ့ ရာသီဥတုတွေကြောင့်ဖြစ်တတ်သလို အသားအလွန်ခြောက်တာကြောင့်လည်း ဖြစ်လာတတ်ပါတယ်။ အခန့်မသင့်ဘဲ ဓာတ်မတည့်တာတွေနဲ့ထိတာ၊ ဆပ်ပြာနဲ့အလှအပ ပစ္စည်းတွေမှာပါတဲ့ Chemical တွေနဲ့ ထိတာကလည်း ဂျိုင်း(ချိုင်း)သားကို ယားယံစေမှာပါ။ ဂျိုင်း(ချိုင်း)ယားလို့ ကုတ်မိရင်လည်း လက်သည်းဆိပ်နဲ့ ပွတ်တိုက်မှုများပြီး ဂျိုင်း(ချိုင်း)မည်းခြင်း၊ နီမြန်းပြီး ဒဏ်ရာရတာတွေကို ဖြစ်လာစေပါတယ်။ ဒါကြောင့် ဂျိုင်း(ချိုင်း)



ယားတာ အမြန်ဆုံးသက်သာဖို့ ကူညီပေးမယ့်နည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

ဂျိုင်း(ချိုင်း)ချွေးနံ့အတွက် အနံ့ သိပ်မပြင်းတဲ့ Deodorant တွေ သုံးဖို့လိုပါတယ်။ အနံ့ပြင်းလေ Chemical ပါဝင်မှုပိုများလေ ဖြစ်တာမလို့ ဂျိုင်း(ချိုင်း)ကြားယားယံတာကို ပိုဆိုးစေပါတယ်။ ဂျိုင်း(ချိုင်း)ကို ဘက်တီးရီးယားတွေကပ်ရာကနေ တစ်ဆင့်လည်း ယားယံတတ်တာမလို့ သေချာသန့်စင်ပေးဖို့လိုပါတယ်။ ရေချိုးတဲ့အခါ ရေကို ခပ်နွေးနွေးလေးသုံးပြီး ဆေးကြောပေးပါ။ ရာသီဥတုပူတဲ့အချိန်၊ လေ့ကျင့်ခန်းလုပ်ရင်း ချွေးထွက်များတဲ့အချိန်တွေမှာ အသားအရေစေးကပ်မှု မဖြစ်စေမယ့် Powder လိမ်းထားပါ။ အသားအရေကို ချောမွတ်သွားစေတာမို့လို့ ချွေးနဲ့ အသားပွတ်တိုက်မှုများပြီး ယားယံတာတွေကို မဖြစ်အောင် ကာကွယ်ပြီးသားဖြစ်မှာပါ။ ခပ်ချောင်ချောင် အဝတ်အစားတွေကို ဝတ်ဆင်ပေးပါ။ အလွန်ကြပ်တဲ့အဝတ်တွေက ဂျိုင်း(ချိုင်း)သားနဲ့ ပွတ်တိုက်မှုကြောင့် ဂျိုင်း(ချိုင်း)မည်းစေတဲ့အပြင် ကြမ်းတမ်းတဲ့ အဝတ်စတွေက ဂျိုင်း(ချိုင်း)ကို ပိုပြီးယားယံစေပါတယ်။ လေဝင်လေထွက်ရှိပြီး အသားအေးတဲ့ အဝတ်တွေ ရွေးဝတ်ပေးပါနော်။

ကိုယ်ဝတ်နေကျ အဝတ်အစားတွေနဲ့ အိပ်ရာခင်းကိုလည်း ပုံမှန်လျှော်ဖို့လိုပါတယ်။ မသန့်တဲ့ အဝတ်တွေကတစ်ဆင့် ဂျိုင်း(ချိုင်း)ကို ပိုးဝင်နိုင်တာမို့ အဝတ်တွေကို ပုံမှန်လျှော်ပြီး ရေခြောက်မှ ဝတ်တာမျိုး လုပ်ပေးပါ။

**Diasy**



## နာနတ်သီးနှင့် ကျန်းမာရေးအကျိုးကျေးဇူး ခုနစ်ချက်

နာနတ်သီးမှာပါဝင်တဲ့ အာဟာရတွေကြောင့် လူတွေကို အကျိုးကျေးဇူးပြုတဲ့ ကျန်းမာရေးဆိုင်ရာအချက် ခုနစ်ချက်ရှိပါတယ်။ နာနတ်သီးမှာ ပါဝင်တာကတော့ Bromelain(ဘရိုမီလင်း)ပရိုတင်း၊ ကာဗွန်ဟိုက်ဒရိတ်၊ သကြားနဲ့ ပျော်ဝင်နိုင်တဲ့အမျှင်ဓာတ်ရော၊ မပျော်ဝင်နိုင်တဲ့ အမျှင်ဓာတ်ရော ပါဝင်နေတာကို ဓာတ်ခွဲခန်းမှာ စမ်းသပ်ပြီး အဖြေတွေရထားပါတယ်။

ကဲ…ခုနစ်ချက်တောင်ဆိုတော့ တစ်ချက်ချင်းစီ လေ့လာကြည့်ကြတာပေါ့။

(၁) ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ အများကြီးပါတယ်။ ရောဂါဖိစီးမှုတွေ ရှိနေရင်တော့ နာနတ်သီးကိုသာ စားကြပါနော်။ ရောဂါကို ကာကွယ်ဆန့်ကျင်ပေးတဲ့ ဓာတ်တွေပါတယ်။ အဲ့ဒီတော့ ဘယ်လိုနေနေ စားသင့်တဲ့ အစားအစာထဲပါ သွားပါပြီ။

(၂) သွေးဖြူဥတွေကို တိုးတက်ကောင်းမွန်စေပြီးတော့ နှာခေါင်းပိုင်းဆိုင်ရာ လမ်းကြောင်းတွေကို ကောင်းမွန်စေပါတယ်။ ဗီတာမင်စီပါလို့ပါ။ အဲ့ဒီတော့ တော်ရုံနေမကောင်းဖြစ်တာလောက်ကတော့ နာနတ်သီးစားပေးပေါ့။

(၃) အစာကြေလွယ်စေတယ်။ ကိုယ်စားလိုက်တဲ့ အစားအစာတွေမှာပါတဲ့ ပရိုတင်းတွေကို ကြေညက်လာစေတာမို့ အစာမကြေတတ်တဲ့သူတွေ စားလို့ရပါတယ်။

(၄) ကင်ဆာရောဂါကို ကာကွယ်ပေးတယ်။ ပါးစပ်၊ လည်ချောင်းလမ်းကြောင်းတွေမှာဆိုရင် နာနတ်သီးက တိုက်ရိုက်ကို ကာကွယ်ပေးတာပါ။

(၅) ဖောရောင်တာတွေကို သက်သာစေပါတယ်။ ထိခိုက်ဒဏ်ရာတွေကို မြန်မြန်ပျောက်စေပါတယ်။

(၆) နာနတ်သီးက အဆစ်အမြစ် ကိုက်ခဲနာကျင်တာတွေကိုလည်း သက်သာပျောက်ကင်းစေပါတယ်။

(၇) ခွဲစိတ်ပြီးခါစ အနာတွေ ပြန်ကျက်ဖို့ ချုပ်ရိုးတွေ အသားကျဖို့ဆိုရင် နာနတ်သီးက ကူညီနိုင်ပါတယ်။ ဒါဆိုရင် နာနတ်သီးကိုစားပေးရင်ရမယ့် အကျိုးကျေးဇူးတွေကို သိသွားပြီဆိုတော့ နာနတ်သီးစားတိုင်း ပျော်ပျော်ကြီး စားနိုင်ကြပါစေနော်။

(Credit- internet)

**Diasy**

## မျက်နှာမှာ အဆီဖု၊အဆီခဲဖြစ်ရခြင်းအကြောင်းအရင်းနဲ့ ပျောက်ကင်းဖို့ ပြုလုပ်သင့်တဲ့အရာများ

မျက်နှာမှာ ဝက်ခြံထွက်ရင် စိတ်ညစ်စရာကောင်းသလို အဆီဖု၊ အဆီခဲတွေထွက်နေရင်လည်း စိတ်ညစ်စရာကောင်းလှပါတယ်။ တချို့က အဆီဖုကို ဝက်ခြံနဲ့ မှားတတ်ကြပါတယ်။ အဆီဖုတွေက မျက်နှာရဲ့ T-Zone လို့ ခေါ်တဲ့ နဖူး၊ နှာခေါင်းနဲ့ မေးစေ့တွေမှာအထွက်များပြီး မျက်နှာအရေပြားအမွေးနုအောက်ခြေမှာ အဆီနဲ့ဆဲလ်သေများပိတ်ခြင်း၊ ဘက်တီးရီးယားဝင်ခြင်းတွေကနေတစ်ဆင့် ဖြစ်တတ်တဲ့ နာကျင်မှုမရှိတဲ့ အဖုသေးသေးလေးတွေပဲဖြစ်ပါတယ်။ ဟော်မုန်းအပြောင်းအလဲဖြစ်တဲ့သူတွေနဲ့ အဆီပြန်တဲ့အသားအရေ ရှိတဲ့သူတွေမှာ အဆီထုတ်လုပ်မှုများတာကြောင့် အဆီဖုစုပြုံထွက်နိုင်ခြေပိုများပါတယ်။ အခြားသော အဆီဖုဖြစ်ခြင်းကို ထောက်ပံ့ပေးနိုင်တဲ့ အကြောင်းအရင်းကတော့-

**(၁) အရက်သေစာနှင့် ဆေးလိပ်သောက်ခြင်း**


ဆေးလိပ်နဲ့ အရက်သေစာ သောက်သုံးတဲ့သူတွေက မသုံးတဲ့သူတွေထက် အဆီထွက်နိုင်ခြေပိုများပါတယ်။

**(၂) နေ့ထိုင်စားသောက်မှုပုံစံ**

နေ့စဉ်စားသောက်တဲ့ အစားအစာတွေထဲမှာ သကြားနဲ့ အဆီများတဲ့ အသင့်စားအစာများ၊ အချိုရည်နဲ့ ဆီကြော်စာတွေကို စားသုံးရင်လည်း အဆီဖုနဲ့ ဝက်ခြံတွေဖြစ်နိုင်စေတဲ့ အကြောင်းအရင်းပါပဲ။

**(၃) Skincare ပစ္စည်းများယွင်းအသုံးပြုမိခြင်း**

အသားအရေထိန်းသိမ်းရာမှာ မိမိအသားအရေနဲ့မကိုက်ညီတဲ့ Skincare ပစ္စည်းတွေကို အသုံးပြုမိတဲ့အခါမှာလည်း မျက်နှာ အဆီပြန်ခြင်း၊ ယားယံခြင်း၊ ဓာတ်မတည့်ခြင်း၊ အဆီဖုနဲ့ ဝက်ခြံကို ထွက်စေနိုင်ပါတယ်။ ဒါကြောင့် Skincare ပစ္စည်းတွေကို ရွေးချယ်အသုံးပြုတဲ့အခါမှာလည်း အသားအရေနဲ့ ကိုက်ညီသင့်တော်တာကို ရွေးချယ်တတ်ဖို့ အရေးကြီးပါတယ်။




အဆီဖုနဲ့ဝက်ခြံတွေကို သက်သာဖို့အတွက်ဆိုရင် မျက်နှာကို လက်နဲ့မကြာခဏ ထိကိုင်ခြင်း၊ အဆီးဖုနဲ့ ဝက်ခြံတွေကို လက်နဲ့ ညှစ်ခြင်းတွေ ရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်။ အဆီဖုထွက်ခြင်းကို တားဆီးရာမှာ ပြုလုပ်ရမယ့် အရေးကြီးဆုံးအချက်ကတော့ မျက်နှာအသားအရေကို နေ့တိုင်း ဂရုစိုက်ပြီး သန့်ရှင်းအောင်ထားဖို့ပါပဲ။ တစ်နေ့ကို နှစ်ကြိမ်ခန့် မျက်နှာသန့်စင်ပေးသင့်ပြီး မျက်နှာသစ်တဲ့အခါ အရေပြားပေါ်က ဆဲလ်သေတွေ ဖယ်ရှားနိုင်ဖို့ မျက်နှာတိုက် Brush နဲ့ အနည်းဆုံး စက္ကန့်သုံးဆယ်လောက် ခပ်ဖွဖွပွတ်ပြီးမှ ရေနွေးနွေးနဲ့ ဆေးချသင့်ပါတယ်။

အဆီဖုနဲ့ ဝက်ခြံတွေမဖြစ်အောင်တားဆီးဖို့အတွက် အပြင်ပန်းဂရုစိုက်မှုတွေအပြင် ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်နေထိုင်ပုံတွေရှိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် အချိုများ၊ အဆီများတဲ့အစားအသောက်တွေကို ရှောင်ပါ။ Antioxidant ဓာတ်ပါဝင်မှုများတဲ့ အစားအစာတွေဖြစ်တဲ့ ဘယ်ရီသီးတွေ၊ အစိမ်းရောင် ဟင်းသီးဟင်းရွက်တွေနဲ့ ပရိုတင်းကြွယ်ဝတဲ့ အစားအသောက်တွေကိုသာ တတ်နိုင်သလောက် စားသုံးပေးသင့်ပါတယ်။

**Diasy**

## ပျိုမေတို့ ဓမ္မတာလာချိန်ခံစားရတဲ့ နာကျင်ကိုက်ခဲမှုဝေဒနာကို သက်သာစေဖို့ ပြုလုပ်ရမယ့်အရာများ

ရာသီလာတယ်ဆိုတာက အမျိုးသမီးတွေ လစဉ်ကြုံတွေ့နေရတဲ့ ဓမ္မတာပေမယ့်လည်း ရာသီလာရင် ခံစားရတဲ့ ဝေဒနာတွေက ဆိုးပါတယ်။ တချို့က ဘာဝေဒနာမှ မခံစားရပေမယ့် တချို့ကျတော့ ရာသီလာပြီဆိုရင် နာကျင်ကိုက်ခဲ၊ ဗိုက်အောင့်တာကို အလူးအလဲ ခံစားကြရပါတယ်။ ရာသီလာတဲ့အခါမှာ သားအိမ်အတွင်းနံရံတွေ ကြွေကျဖို့အတွက် သားအိမ်က ညှစ်တဲ့အခါမှာ ဗိုက်အောင့်ပါတယ်။ တချို့ဆို အလုပ်အကိုင်ပျက်တဲ့အထိကို ဗိုက်အောင့်တာကို ခံရပါတယ်။

လစဉ်ခံစားရတဲ့ ဗိုက်အောင့်ဝေဒနာသက်သာစေဖို့ ဒါလေးတွေ လုပ်ကြည့်ပါ။

၁။ လေ့ကျင့်ခန်းလုပ်၊ အကြောလျှော့ပါ။ ကြွက်သားတွေကို ပြေလျော့ပြီးတော့ နာကျင်ကိုက်ခဲမှုကို သက်သာစေပါတယ်။

၂။ ဗိုက်အောက်ပိုင်းလေးကို ပွတ်ပေးတာကလည်း ကြွက်သားတွေကို ပြေလျော့စေပါတယ်။

၃။ အကိုက်အခဲပျောက်ဆေးသောက်ရင်လည်း သားအိမ်ညှစ်တာ လျော့စေပြီးတော့ ဗိုက်အောင့် သက်သာစေပါတယ်။



၄။ ဗီတာမင် B1, မဂ္ဂနီဆီယမ် စတဲ့ ဆေးပြားတွေကလည်း ရာသီလာစဉ် နာကျင်ကိုက်ခဲမှုတွေ၊ ဗိုက်ပြည့်၊ ဗိုက်ကယ်တာတွေနဲ့ ရာသီမလာမီ ခံစားရတဲ့ ရောဂါလက္ခဏာစုတွေကို သက်သာစေပါတယ်။

၅။ ရေနွေးနွေးလေးနဲ့ ရေချိုးပေးပါ။ ဒါမှမဟုတ် ဝမ်းဗိုက်အောက်ပိုင်း(သို့မဟုတ်)နောက်ကျောလေးကို ရေနွေးအိတ်လေး ကပ်ပေးပါ။ဒါကလည်း နာကျင်ကိုက်ခဲမှုတွေကို သက်သာစေပါတယ်။

(Credit-Dr.MyoMyo Swe)

**Daisy**

## စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ဇေယျာသီရိ ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာပေဖတ်ရှုခြင်းဖြင့် စာပေဝါသနာရှင်များစွာ ပေါ်ထွန်းလာစေရန် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပသည်။ **(အောက်ပုံ)**



ဆွေးနွေးပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြစန်းရီက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး၊ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးအတွက် ယခုလို စာဖတ်ဝိုင်းများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး စာရေးဆရာ စိန်ဝင်းနွယ်၊ ရဲမွန်ကျော်နှင့် စာရေးဆရာမ ချယ်ချယ် (YU) တို့က စာရေးဆရာ ခင်မောင်ညို(ဘောဂဗေဒ) ရေးသားသည့် ဘဝတစ်လျှောက် အောင်မြင် ပျော်ရွှင်နည်း စာအုပ်ပါ ငြီးငွေ့မှုကိုကုစားနည်း၊ အပြစ်မတင်ဘဲ အလုပ်ဖြစ်အောင်လုပ်ပါနှင့် လူအများနှင့် ပြေပြေပြစ်ပြစ် ဆက်ဆံနည်း ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသ

**တောင်တွင်းကြီး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကို ပြည်သူများသိရှိစေရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ် စာစောင်ကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက ပြသခဲ့သည်။

အဆိုပါ အသိပညာပေး နံရံကပ် စာစောင်တွင် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေများ၊ ကလေးသူငယ်များ၏ အကျိုးစီးပွားဆောင်ရွက်ချက်များ၊ ကလေးသူငယ်များ၏အခွင့်အရေးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ကလေးအလုပ်သမားဟူသည် အဘယ်နည်း၊ ကလေးအလုပ်သမားသည် တရားမဝင်ပါ၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည့် အကြောင်းအရာများအား ပြသပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသည်။ **(အောက်ပုံ)**

တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် နေ့ထူးနေ့မြတ်များနှင့် လစဉ်အခါအားလျော်စွာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေးလျက်ရှိကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**



## ကျောင်းကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးကျန်းမာရေးဟောပြောပွဲ ကျင်းပ

**သရက် ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက အနောက်ရပ်မြောက်ပိုင်း အခြေခံပညာမူလတန်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

ကျောင်းကျန်းမာရေးသီတင်းပတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သားဖွားဆရာမ ဒေါ်မဥ္စူအောင်နှင့် သားဖွားဆရာမ ဒေါ်ဇင်မွန်သက်တို့က ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး လက်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး၊ နည်းစနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲရန်နှင့် မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးကာ တစ်ဦးချင်း ကျောင်းကျန်းမာရေး မှတ်တမ်းကတ်များ ရေးသွင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**




ပတ်စရာ၊ မှတ်စရာ စုံလင် ယုဇနလေး

## ဆရာဟူသည်

* စေတနာနှင့် ဝါသနာ
ကရုဏာလည်းပါ ။
သွန်သင်ကာ လမ်းညွှန်ပြ
မြင့်မြတ်လုပေစွ ။

* ဝီရိယနှင့် ကျင့်သိက္ခာ
သတိပြည့်စုံစွာ ။
အနစ်နာခံ ကြင်နာပွား
သင်ကြားပေးသူများ ။

* မှား၊ မှန်ခွဲခြား သိဖို့ရာ
ညွှန်ကြားပြသကာ ။
သမာဓိမှာ အလေးထား
စောင့်ထိန်းကြသူများ ။

* တတ်ပညာများ ပြည့်ဖို့ရာ
ပဲ့ပြင်ဆုံးမတာ ။
ကြပ်မတ်ကာ မေတ္တာထား
ပဲ့ကိုင်ဆရာများ ။

* လေးလေးစားစား ဆက်ဆံကာ
ပြုမူပြောဆိုပါ ။
အကြင်နာ ရင်မှာ အစဉ်သာထား
ဥာဏစစ်သည်များ ။ ။

**စောရွှေမြင့်(ချုပ်သင်း)**

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**တပ်ကုန်း ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံဘာသာစကားသင်တန်း (MM-KM Chinese Language Center) တို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အဆိုပါလူငယ်စကားဝိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး အခြေခံဘာသာစကားသင်တန်း (MMKM Chinese Language Center) မှ သင်တန်းဆရာ ဦးအောင်ပြည့်ဖြိုး၊ မောင်ခန့်စည်သူ၊ မမေဖူးစံ၊ မပန်းအိဖြူတို့က ယနေ့ခေတ်ကို ဘာကြောင့် ပညာခေတ်လို့ ခေါ်ဆိုတာလဲ၊ ပညာခေတ်မှာ ပညာကို ဘယ်လိုအလေးထား သင်ယူသင့်သလဲ၊ ပညာသင်ယူရန် အခွင့်အလမ်းတွေကို ဘယ်လိုရှာရမလဲ၊ ပညာသင်ယူခြင်းကြောင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်သလဲ ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်သော ဦးစီးအရာရှိနှင့် ပါဝင်ဆွေးနွေးသည့် သင်တန်းသား၊ သင်တန်းသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး တာဝန်ရှိသူများက ပါဝင်ဆွေးနွေးသည့် သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာပေး နံရံကပ်စာစောင်များအား သင်တန်းသား၊ သင်တန်းသူများ လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသည့် မဟာဗောဓိဝိပဿနာယောဂီ ကမ္မဋ္ဌာန်းတိုက်အတွက် အလှူတော်ငွေ ဆက်ကပ်လှူဒါန်း

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၆၉ လမ်း၊ ၃၈ လမ်းနှင့် လမ်း ၄၀ ကြား၊ မဟာနွယ်စဉ် ဗောဓိကုန်းရပ် ဘုရားပရိဝုဏ် အတွင်းရှိ မဟာဗောဓိဝိပဿနာ ယောဂီကမ္မဋ္ဌာန်းတိုက်သည် မြေငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရာ အလှူတော်ငွေ ဆက်ကပ်လှူဒါန်း ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက အဆိုပါယောဂီကမ္မဋ္ဌာန်း တိုက်တွင် ကျင်းပသည်။

လှူဒါန်းပွဲသို့ မဟာဗောဓိ ဝိပဿနာရိပ်သာဆရာတော် ဘဒ္ဒန္တကာရုဏိကာဘိဝံသ (ကမ္မဋ္ဌာနစရိယ)၊ ဘဒ္ဒန္တ ဝေပုလ္လ (တက္ကသီလဓမ္မာစရိယ)၊ ဘဒ္ဒန္တ သောဘိတ(B.A အင်္ဂလိပ်)၊ ဘဒ္ဒန္တ တိလောက (ဘာသန္တရ ဆေကမဟာဓမ္မာစရိယ)ရုံးအဖွဲ့မှူး ဦးကျော်မင်း၊ ပန်းဒါယကာ ဦးတင်ထွန်း၊ ဦးစိုးသိန်း၊ စေတနာရှင်၊ ကုသိုလ်ရှင်များ တက်ရောက် ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

အလှူငွေပေးအပ်ပွဲတွင် လွန်ခဲ့သော ၂၃ နှစ်ခန့်က ကွယ်လွန်သူ ရဲမှူးကြီး ဦးမောင်မောင်ကြီး အားရည်စူး၍ ဝိဝေကသုခကျောင်း ဒေါ်တင်တင်အုန်း မိသားစုက ကိုးဖူးရှင်စေတီအား ငါးသိန်း၊ အရှေ့ဓမ္မာရုံအား ငါးသိန်း၊ သဒ္ဓိသုခဓမ္မာရုံအား ငါးသိန်း၊ ဆရာတော်အတွက် နဝကမ္မငွေကျပ် တစ်သိန်း၊ ပင့်သံဃာလေးပါးအား ငွေကျပ် တစ်သိန်းစီ၊ သီလရှင် ၁၄ ပါးအား ငွေကျပ်နှစ်သောင်းစီ၊ တစ်နေ့တာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ယောဂီ ၁၂၀ ကျော်အား လာရောက်လှူဒါန်းကြရာ ရုံးအဖွဲ့မှူး ဦးကျော်မင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

(၃၄၂)

# မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင် တရုတ်မျိုးနွယ်စုများက စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ကဦးစီး၍ မန္တလေးမြို့ မြန်မာပြည်ဖွား ဗုဒ္ဓဘာသာဝင်တရုတ်မျိုးနွယ်စုများက (၁၂)ကြိမ်မြောက် (ဒုတိယပတ်)စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် ငါးဆူကျောင်းတိုက်၊ ပေါက်မြိုင်ကျောင်းတိုက်၊ ပေါင်းလဲကျောင်းတိုက်နှင့် ရေပန်းကျောင်းတိုက်တို့မှ သံဃာတော်အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် မန္တလေးမြို့ မြန်မာပြည်ဖွားဗုဒ္ဓဘာသာဝင် တရုတ်မျိုးနွယ်စုများက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

**(အောက်ပုံ)**

(၀၉၃)

*-*-*-*-*-*-*





# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဇူလိုင် ၂၂**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်လှူဒါန်း ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရွှေဦးစွာ ကျောင်းအုပ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယB.A)ထံမှ အလှူရှင် မိသားစုများက ကောင်းမှုကုသိုလ် အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား နာယူကြည်ညို ကြပြီး မန္တလေးမြို့၊ မြောက်ပြင် ရပ်နေ ဒုတိယရဲမှူးကြီးဌေးလွင်(ငြိမ်း)+ဒေါ်တင်တင်အုန်းမိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း ၂၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် တစ်သိန်း၊ စုစုပေါင်း ငွေကျပ် ၂၁ သိန်းကို ပေးအပ် လှူဒါန်းရာ ဥပဋ္ဌာက္ကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင် မိသားစုများက ကျောင်းအုပ် ဆရာတော်အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသားများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

PNT

# ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရွယ်အိုများ ကန်တော့ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၆၈ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ မဟာဝိဇိတာရုံကျောင်းတိုက်၌ ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီတွင် မန္တလေးရှေ့နေအသင်း ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီး ရှေ့နေများ ကန်တော့ပွဲကို ကျင်းပရာ မန္တလေးရှေ့နေအသင်း ဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးဝမ်းမောင်နှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းဝင် တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ တက်ရောက်ကြသည်။

ဆက်လက်၍ မဟာဝိဇိတာရုံ ကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ရာဇိက အမှူးပြုသော သံဃာတော်တို့ထံမှ ငါးပါးသီလခံယူ၍ ဝါဆိုသင်္ကန်းကပ်လှူရာ ဆရာတော်က ဝါဆိုသင်္ကန်းကပ်လှူရသော အကျိုးတရားများကို ဟောကြားပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။



၄င်းနောက် အသက်(၇၅) နှစ်နှင့်အထက် သက်ကြီးရှေ့နေ ၂၅ ဦးတို့အား မန္တလေးရှေ့နေအသင်းမှ ကန်တော့ချိုးဖြင့် ကန်တော့ခဲ့ကြပြီး သက်ကြီးရှေ့နေ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းဖြင့် လှူဒါန်းခဲ့ကြပြီး သက်ကြီးရှေ့နေ ဦးသောင်းအေးက ဆုံးမစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၄၇)

# မဟာလောကရံသီ အိမ်တော်ရာစေတီတော် ဘက်စုံပြုပြင်ရန် အလှူငွေများ လှူဒါန်း

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမရပူရ စတုတ္ထနန်းစံ ပုဂံမင်းတည်ထားကိုးကွယ်တော်မူခဲ့သော မဟာလောကရံသီ အိမ်ငလျင်ဒဏ်ကြောင့် ပျက်စီးမှု များအား ပြုပြင်နိုင်ရန်အတွက် အလှူငွေလှူဒါန်းပွဲကို ယမန်နေ့က ဂေါပကအဖွဲ့ရုံးခန်းတွင် ကျင်းပသည်။ **(အောက်ပုံ)**



ဟောမာအရှေ့ရပ်ကွက်နေ နှစ်ဖက်မိဘများနှင့် ခင်ပွန်းဖြစ်သူ ဦးသောင်းစိန်တို့အား ရည်စူး၍ ဒေါ်စိန်ဝင်း(စိန်မိသားစု)က စိန်ဖူးတော်နှင့် ရွှေထီးတော်ရောင်တော် ဖွင့်ရန်အတွက် ငွေကျပ်သိန်းငါးဆယ်၊ အရှေ့စောင်းတန်းတော်ကြီး ပြန်လည်တည်ဆောက်ရန် အတွက် အလှူငွေကျပ်သိန်း ၁၀၀ တို့အား ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ခဲ့ပြီး လှူဒါန်းမှုအစုစုအတွက် စေတီတော်ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညိုကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

မဟာလောကရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး၏ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ပြုပြင်နိုင်ရန် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ ဖုန်း ၀၉၂၀၂၂၁၇၁ နှင့် စေတီတော်ဝင်းအတွင်းရှိ အလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၇၂)

သင့်သွေးဖြင့် အသက်ကယ်ပါ ။

# အိုဘာယ့်ချင်းမိုင် (၇)

**ကြီးမားသော ရုပ်တု**
**ပြန့်ပြူးသော ရင်ပြင်**
**ထင်ရှားသော ကိုးထပ်ကျောင်း။**

ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် ဒေသန္တရလေ့လာရေးအဖွဲ့ နတ်သမီးဥယျာဉ်(ခေါ်) Lalita Cafe' မှ ထွက်တော့ ညနေလေးနာရီ ရှိပါပြီ။ ခရီးစဉ် ဦးတည်ရာကား ချင်းရိုင်မြို့ရှိ ထင်ရှားသော ကွမ်ရင်မယ်တော်ရုပ်တုနှင့် ကိုးထပ်ကျောင်းကို လေ့လာရန်ဖြစ်သည်။ Cafe' ဥယျာဉ်မှ နာရီဝက်ခန့်ကားစီးလိုက်သောအခါ ရုပ်တုတော်ကြီးတည်ရှိရာ တောင်ခြေကားရပ်စခန်းသို့ ရောက်လေသည်။ ရုပ်တုတော်ကြီးတည်ရှိရာ တောင်တော်သို့ သတ်မှတ်ထားသောကားများဖြင့်သာ တက်ရပါသည်။ အတန်အသင့် မတ်စောက်သော်လည်း လမ်းများချောမွေ့သဖြင့် အဆင်ပြေပါသည်။ ပမာပုံဆောင်ရလျှင် မြန်မာနိုင်ငံ မင်းဘူးဒေသရှိ အထက်စက်တော်ရာဘုရားသို့ တောင်ခြေမှ ကားဖြင့်တက်ရသကဲ့သို့တည်း။ ထို့ပြင် ရုပ်တုတော်ကြီးမှာ ကြီးမားလွန်းသဖြင့် မြို့၏အရပ်လေးမျက်နှာမှ မြင်တွေ့နိုင်ပါသည်။

ထိုင်းနိုင်ငံသည် အစဉ်အလာအားဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံဖြစ်ပါသည်။ထေရဝါဒဗုဒ္ဓဘာသာအယူကား ဒါန၊ သီလ၊ ဘာဝနာပွား၍ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရေးသည် အဓိကဖြစ်သည်။ သမိုင်းကိုပြန်ကြည့်လျှင် ကျွန်တော်တို့ မြန်မာနိုင်ငံ အေဒီ ၄ ရာစုမှ ၉ ရာစုအတွင်း ထွန်းကားခဲ့သော သရေခေတ္တရာ ပျူမြို့ပြနိုင်ငံတော်၌ ဟိန္ဒူ၊ မဟာယာနနှင့် ထေရဝါဒဗုဒ္ဓဘာသာတို့ ထွန်းကားခဲ့ကြောင်း မြေပေါ်မြေအောက် သမိုင်းသက်သေအထောက်အထားများကို တွေ့ရပါသည်။ ထို့အတူ ထိုင်းနိုင်ငံအပါအဝင် အခြားသော အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ဟိန္ဒူဗြာဟ္မဏနှင့် မဟာယာနဗုဒ္ဓဘာသာ ကိုးကွယ်မှုအထောက်အထားများကို တွေ့ရလေသည်။ သာဓကအားဖြင့် ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ်ကျောင်းတော်မှာ အေဒီ ၁၂ ရာစုတွင် တည်ဆောက်ခဲ့သော ဟိန္ဒူဗြာဟ္မဏကိုးကွယ်မှုလက်ရာအဖြစ် ယနေ့တိုင် တွေ့မြင်ရခြင်းဖြစ်သည်။

မဟာယာနဗုဒ္ဓဘာသာအယူ၌ မေတ္တာ၊ ကရုဏာတရားသည် ရှေ့သွားခေါင်းဆောင်ဖြစ်သည်။ ဥဒါဟရုံ၌ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းကို ကယ်ချွတ်ရန် မိမိတို့ကိုယ်တိုင် ဗောဓိသတ္တကျင့်စဉ်ကို ကျင့်ကြံသည်။ ဤသို့ဖြင့် ဝေနေယျသတ္တဝါအပေါင်းကို ဆင်းရဲဒုက္ခမှ ကယ်တင်ရန် နိဗ္ဗာန်မဝင်သေးဘဲ စောင့်ရှောက်ကြသော ဗောဓိသတ္တများကို လူတို့ကိုးကွယ်ဆက်ကပ်သည့်အမှု ရှိခဲ့သည်။

**ကွမ်ရင် (သို့မဟုတ်) လောကနာထ အသွင်တစ်မျိုး**

လောကနာထဆိုသည်မှာ လောကကိုအစိုးရသော ဘုရားလောင်းနတ်သား Lord of the World ဟု အဓိပ္ပာယ်ရသည်။ ထို့ပြင် လောက၏အားကိုးရာဟူ၍လည်း အနက်ရသည်။ ဂေါတမဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နောင်ပွင့်လတ္တံ့သော ဘုရားလောင်းဟု မဟာယာနဗုဒ္ဓဘာသာဂိုဏ်းက မှတ်ယူပါသည်။ သက္ကတဘာသာဖြင့် လောကနတ်ကို 'အဝလောကိတေသွရ'ဟုလည်း ခေါ်သည်။ သတ္တဝါအပေါင်းတို့အား ဗောဓိဉာဏ်ရစေကာ နိဗ္ဗာန်သို့ ပို့ဆောင်ပေးပြီးမှ သူကိုယ်တိုင် နောက်ဆုံးမှ နိဗ္ဗာန်ဝင်သည်ဟု ဆိုသည်။

လောကနာထသည် သတ္တဝါများအကျိုးငှာ အခါကာလအားလျော်စွာ လူ့အသွင်ယူ၍ လူ့ပြည်နတ်ရွာတို့၌ ပေါ်ထွန်းရသည်ဟု ဆိုသည်။ လောကနတ်အသွင်တော် ၁၀၈ မျိုးရှိရာ ဣတ္ထိလိင်အသွင်ကို တရုတ်ပြည်၌ 'ကွမ်ရင်'အဖြစ်လည်းကောင်း၊ ဂျပန်ပြည်၌ 'ကွမ်နွမ်'အဖြစ်လည်းကောင်း၊ Goddess of Mercy အဖြစ် ကိုးကွယ်ကြသည်။ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်များအဖို့ လောကနာထဘုရားလောင်းသည် သတ္တဝါဝေနေယျတို့၏ ကယ်တင်ရှင်လည်း ဖြစ်သည်။

ကျွန်တော်သည် ကြီးမားသောကွမ်ရင်မယ်တော်ရုပ်တုကြီး၏ ရင်ပြင်တော် လက်ရမ်းကိုကိုင်လျက် မည်မျှကြာအောင် အတွေးပွားနေမိသည် မသိ။ ကလေးမြို့သား ကိုကျော်နိုင်ဝင်းမှ 'ဦးလေး မှတ်တမ်းဓာတ်ပုံရိုက်ရအောင်'ဆိုမှ သတိဝင်လာမိသည်။ ကျယ်ပြန့်သော ရင်ပြင်တော်တွင် ကြီးမားသော ကွမ်ရင်မယ်တော်ရုပ်တုကြီးကို နောက်ခံပြုလျက် အုပ်စုလိုက်မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ကွမ်ရင်မယ်တော်ရုပ်တုကြီးမှာ စကျင်ကျောက်သားအဖြူရောင်ဖြစ်ပြီး အောက်ခြေဖိနပ်တော်မှ ဦးခေါင်းတော်အထိ ပေ ၁၂၀ ခန့်ရှိမည်ဟု မှန်းဆရသည်။ လေးထောင့် ထောင့်မှန်စတုဂံပုံ ဖိနပ်တော်သည် ၁၅ ပေခန့်မြင့်၍ မုခ်လိုဏ်အဖြစ်တည်ဆောက်ထားသည်။ ဖိနပ်တော်အထက်မှ ကြာပလ္လင်မှာ ကြာချပ်သုံးလွှာပါရှိပြီး ကြာပွင့်ပေါ်တွင် ရုပ်တုကြီးကို တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုင်တော်မူရုပ်တုကြီးမှာ ဘယ်ခြေပေါ်တွင် ညာခြေဖဝါးကို တင်ထားပြီး ခြေဖဝါးအပေါ်၌ ဘယ်ဘက်လက်တော်သည် ရေတကောင်းကို ကိုင်ထားဟန်၊ ညာဘက်လက်တော်မှာ တံတောင်ဆစ်ကွေးမှ ထောင်၍လက်ဖဝါးကို အပြင်သို့ဖြန့်လျက် အနေအထားဖြစ်သည်။

ရုပ်တုကြီး၏ ဦးခေါင်းတော်(ခေါင်းဆောင်း)တွင် ဈာနိဗုဒ္ဓပုံတော်ပါရှိသည်။ ဈာနိဗုဒ္ဓသည် လောကနတ်ကို ဖန်ဆင်းသော တန်ခိုးရှင်ဖြစ်သည်ဟု မဟာယာနဗုဒ္ဓဘာသာဝင်များက ယုံကြည်ကြသည်။ ဤရုပ်တုတော်ကြီးကို အဝေးမှကြည့်လျှင် ထိုင်တော်ဗုဒ္ဓရုပ်ပွားတော်ကြီးအလားထင်မှတ်ရသည်။ ထို့ပြင် ကွမ်ရင်မယ်တော်ရုပ်တုကြီးရှေ့မျက်နှာသာ ရင်ပြင်တွင် လောကနာထအသွင်ကွဲသုံးမျိုးကို ထုလုပ်ထားသည်။ ၎င်းတို့အနက် နှစ်မျိုးမှာ လူတစ်ရပ်သာသာခန့်ရှိ ထိုင်တော်မူပုံများဖြစ်ပြီး ကျန်တစ်မျိုးမှာ လူအရပ်နှစ်ပြန်ခန့်မြင့်သော ရပ်တော်မူပုံဖြစ်သည်။

အချိန်ကလည်း နည်းသွားပြီဖြစ်၍ ကွမ်ရင်မယ်တော်ရုပ်တုကြီးနှင့် မလှမ်းမကမ်းရှိ တရုတ်ဘုံကျောင်း(ကိုးထပ်ကျောင်း)တော်ကို လေ့လာမှတ်တမ်းတင်ပြီးနောက် တောင်အောက်သို့ ကားဖြင့် ဆင်းခဲ့ကြသည်။ ရုပ်တုတော်ကြီး၏ရင်ပြင်တော်အရှေ့ဘက်တွင် ခြေကျင်တက်ရန် ကျယ်ပြန့်သော လက်ရမ်းပါ ကျောက်ပြားခင်းအင်္ဂတေလှေကားထစ်များ ပြုလုပ်ထားသည်။ အမိုးမပါဘဲ အဆင်းတစ်ခြမ်း၊ အတက်တစ်ခြမ်းပြုလုပ်ပေးထားသဖြင့် ငယ်ရွယ်သူတို့ကား လွတ်လပ်ပေါ့ပါးစွာ လှေကားထစ်မှ ဆင်းကြ၊ တက်ကြလေသည်။

**ဘုရားပြာသို့**

ဘုရားပြာကို ဖူးမြော်လေ့လာရန် ကွမ်ရင်မယ်တော်ရုပ်တုကြီးတည်ရှိရာ တောင်ခြေမှ ကားများထွက်သောအချိန်မှာ ညနေလေးနာရီခွဲခန့်ရှိပါပြီ။ နွေဦးကာလဖြစ်၍ ဥတုလည်းသာယာ အလင်းရောင်တို့လည်း ကောင်းစွာရှိနေပါသည်။ ချင်းရိုင်၏ညနေခင်းကား မပူလွန်း၊ မအေးလွန်း။ ကားမောင်းချိန်နာရီဝက်ခန့်ကြာသောအခါ ဘုရားပြာ(ခေါ်)ဗုဒ္ဓဘုရားကျောင်းတော်ရှေ့သို့ ရောက်ပါပြီ။

**ဘုရားပြာ**
**ဘုရားပြာ နဂါးရုပ်**
**မုခ်တစ်ဖက်(တစ်ချက်)တည်ဟန်**
**ဆင်ရုပ်လည်းခံ**
**မီးအိမ်ငယ် ပတ်လည်ရံလို့**
**နဂါးမာန် ဟန်ကြွကြွ၊**
**ကနုတ်လက်ရာ**
**ပန်းတော့မှာ လွန်ထူးခြားတယ်**
**ယိုးဒယားဟန်ပ။**

ဘုရားပြာ၏ ဘွဲ့တော်မှာ Wat Rong Suea Ten ဖြစ်သည်။ ဘုရားကျောင်းတော်၏ ထင်ရှားပေါ်လွင်သော အရောင်မှာ အပြာရောင်ဖြစ်သဖြင့် အရပ်အခေါ် ဘုရားပြာဟု အလွယ်ခေါ်ကြဟန်တူသည်။ စတုဂံပုံလေးထောင့်ကုလားကျောင်းခံ၍ မိုးလျှောသုံးဆင့်ပါ ဂန္ဓကုဋိကျောင်းတော်ဖြစ်သည်။ မိုးလျှော၏သဏ္ဌာန်မှာ ထိုင်းတို့၏ဟန်အတိုင်း ကော့လန်လန်ဖြစ်သည်။ အမိုး၏အရောင်မှာ အပြာရောင်ဖြစ်၍ အမြင့်ထောင့်စွန်းတွင် ဒေါင်းရင်ဘတ်များဖြင့် ထုလုပ်တန်ဆာဆင်ထားသည်။ မိုးလျှောတွင် တပ်ဆင်ထားသော ပန်းဆွဲတို့မှာ အနုပညာလက်ရာမြောက်ဖောင်းကြွနဂါးရုပ်တို့ဖြင့် တန်ဆာဆင်ထားသည်။ နဂါးဦးခေါင်းကို မိုးလျှော၏အခြေဘက်သို့ လှည့်ထားသည်။

ဂန္ဓကုဋိကျောင်းတော်၏ အပြင်ဘက်အမြင့်ပိုင်း၌ အပြာရောင်အောက်ခံထောင့်မှန်စတုဂံကွက်များရှိ၍ ထိုအကွက်များပေါ်တွင် ရွှေအိုရောင်အနုပညာပန်းလက်ရာတို့ဖြင့် တန်ဆာဆင်ထားသည်။ တိုင်ဖုံးများကိုလည်း ထိုနည်းအတိုင်း တန်ဆာဆင်၍ ထိုင်းတို့၏ ကိုယ်ပိုင်ဟန်ပန်းလက်ရာ ပေါ်လွင်သည်ကိုတွေ့ရသည်။ ပန်းဆွဲတို့၏အရောင်မှာ ရွှေအိုရောင်အဆင်း ရှိလေသည်။ ဘုရားပြာကျောင်းတော်၏ မျက်နှာသာ ဝင်ပေါက် တစ်ဖက်တစ်ချက်တွင် အားမာန်ပါသော နဂါးရုပ်နှစ်ကောင်ကို ထားရှိပြီး ပါးစပ်ဖြဲ၊ အမောက်ထောင်၍ အစွယ်များ ဖော်ထားဟန်ဖြစ်သည်။ သွားများက အဖြူရောင်နှင့် ကျောပြင်အကြေးများက ပြာလဲ့လဲ့အရောင်ရှိသည်။ ထိုနဂါးနှစ်ကောင်၏အရှေ့ဘက်တွင် အပြာရောင်ရှိသော ဆင်ရုပ်ငယ်နှစ်ကောင်ကိုထားရှိ၍ နှာမောင်းတို့မှာ အပေါ်သို့ မြှောက်ထားကာ ဗုဒ္ဓဘုရားရှင်ကို အရိုအသေပေးဟန်ဖြစ်သည်။ ကျောင်းတော်၏ ရှေ့မျက်နှာထောင့်စွန်းနှစ်နေရာ၌ နှစ်ပေခွဲခန့်မြင့်သော စတုဂံပုံအုတ်ခုံခံ၍ ထိုအုတ်ခုံပေါ်မှ သုံးပေခန့်မြင့်သော အင်္ဂတေတိုင်ငယ်လေးတိုင်ထူ၍ ၎င်းအပေါ်မှ ဘုံသုံးဆင့်၊ ဖောင်းရစ်နှင့် ငှက်ပျောဖူးပါ မီးအိမ် နှစ်ခုသည် ထိုင်းတို့၏အမျိုးသားဟန်ကို ဖော်ကျူးလျက်ရှိသည်။ ထို့အတူ ကျောင်းတော်၏ဘေးပတ်ပတ်လည်တွင် အင်္ဂတေဖြင့်ပြုလုပ်ထားသော မီးအိမ်ငယ်များ ရှိလေသည်။



ချင်းရိုင်မြို့ရှိ Goddess of Mercy ကွမ်ရင်ရုပ်တု

အပြာရောင်ကျောင်းတော်၏ ဘေးနှစ်ဖက်တို့၌ ပြတင်းခြောက်ခုစီ ပါရှိ၍ မုခ်တံကဲတို့မှာ ရွှေအိုရောင်ရှိလေသည်။

ထိုင်တော်မူဗုဒ္ဓဘုရားရှင် စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်တော်၏ အတွင်းဘက်အရောင်မှာလည်း အပြာရောင်ဖြစ်ပြီး လျှပ်စစ်မီးထွန်းညှိပူဇော်သောအခါ ပြာလဲ့လဲ့အရောင်သို့ ပြောင်းလေသည်။ ငါးပေခန့်မြင့်သော ပလ္လင်တော်ရှေ့တွင် နတ်၊ ဗြဟ္မာရုပ်များက လက်အုပ်ချီ၍ ပူဇော်ဟန်ရှိသည်။ ပလ္လင်၏အရှေ့ဘက် ပလ္လင်အပေါ်ထောင့်စွန်းနှစ်ဖက်တွင် မြတ်ဗုဒ္ဓ၏သာဝကနှစ်ပါးက ရုပ်တော်မူ၍ လက်အုပ်ချီဟန်ထုလုပ်ထားသည်။ ဆင်းတုတော်ကြီးတည်နေဟန်မှာ ကျွန်တော်တို့ မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်ကြီး တည်နေပုံမျိုးဖြစ်သည်။ ကြေးဆင်းတုနှင့် ကျောက်ဆင်းတုသာ ကွာခြားသည်။ သတိပြုမိသည်မှာ ကျောင်းတော်၏ အတွင်းနံရံတို့မှာလည်း အပြာရောင်ဖြစ်သကဲ့သို့ ခင်းထားသော ကော်ဇောတို့မှာလည်း အပြာရောင်ဖြစ်လေသည်။

ရုပ်ပွားတော်ကြီး၏ရှေ့မလှမ်းမကမ်းတွင် Please have a Seat ကျေးဇူးပြု၍ ထိုင်ပြီးကြည်ညိုပါဟူသော သတိပေးစာကို တွေ့ရသဖြင့် ကျွန်တော်သည် သင့်လျော်ရာနေရာတစ်ခုတွင်ထိုင်၍ ဗုဒ္ဓဘုရားရှင်၏ဂုဏ်တော်ကို ရည်မှန်း၍ ဦးသုံးကြိမ်ချလိုက်သည်။ ထူးခြားသည်က ဘုရားစေတီအများစုတွင် ဓာတ်ပုံမရိုက်ရန် ကန့်သတ်ထားသောနေရာများ ရှိပါသည်။ ဘုရားပြာ၌မူ ဤသို့မဟုတ်ချေ။ Take a photo in Front of the Buddha Statue ဟု သတိပေးစာအရ ဆင်းတုတော်၏ရှေ့မျက်နှာမှ ဓာတ်ပုံရိုက်ခွင့်ပြုထားကြောင်း သိရသည်။ မဆိုင်းမတွပင် ကျွန်တော်လည်း ဖူးမြော်ရာမှထပြီး ဘုရားရှင်၏မျက်နှာတော်ရှေ့ တည့်တည့်မှ ဓာတ်ပုံရိုက်ယူပါသည်။

ကျောင်းတော်အတွင်း နံရံအပြာဆေးရေးနောက်ခံတွင် အပေါ်ဘက်ပိုင်း၌ ကြယ်၊ လများ နက္ခတ်တာရာများ၊ ဗိမာန်များ အောက်ဘက်ပိုင်းတွင် ဂဠုန်၊ ဒေါင်း၊ ဟင်္သာ၊ သမင်၊ ခြင်္သေ့သတ္တဝါများကို ရွှေအိုရောင်ဆေးရေးဖြင့် သရုပ်ဖော်ထားသည်။ ထို့ပြင် ဗုဒ္ဓဘုရားရှင် ဒုက္ကရစရိယာကျင့်ပုံ၊ တာဝတိံသာနတ်ပြည်မှ ပြန်ကြွပုံ စသည်တို့ကိုလည်း သူတို့၏အမျိုးသားဟန် လက်ရာပန်းချီကားကြီးများအဖြစ် တွေ့ရသည်။

အချုပ်အားဖြင့် ဘုရားပြာသည် ဘုရားဖြူလောက် အမွှမ်းအပြောက်မများ၊ ဂန္ဓကုဋိကျောင်းတော်အရွယ်အစားနှင့် တန်ဆာဆင်မှုတို့မှာ 'အိုးတန်ဆန်ခတ်'ဖြစ်သည်။ အမျိုးသားလက္ခဏာဟန် ပေါ်လွင်မှုမှာမူ အတူတူပင် ဖြစ်လေသည်။

သန်းစိုးအောင်



## ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ စစ်ရေးပြမှုမှ ဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်အား အလေးပြုပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယခုလို မြို့နယ်အလိုက် ဖူဆယ်ပြိုင်ပွဲကို ကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ ဖူဆယ်အားကစားနည်းအပေါ် မျိုးဆက်သစ်လူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖူဆယ်အားကစားနည်းများ ပြန့်ပွားလာစေရန်၊ မြန်မာ့ဖူဆယ် အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ ယခုပြိုင်ပွဲကနေ ပြည်နယ်မှ အားထားရတဲ့ ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန် စတဲ့ရည်ရွယ်ချက်များနှင့် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ်မှာ မြန်မာ့လက်ရွေးစင် အမျိုးသား၊ အမျိုးသမီးဖူဆယ် အသင်းအနေနဲ့ နိုင်ငံတကာပြိုင်ပွဲများတွင် စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုရရှိခဲ့ကြောင်း၊ ဒါ့အပြင် အာဆီယံဖူဆယ်ပြိုင်ပွဲ၌ တတိယဆု၊ ၂၀၁၁ ခုနှစ် အရှေ့တောင်အာရှဖူဆယ်ပြိုင်ပွဲတွင် အမျိုးသမီးလက်ရွေးစင်ဖူဆယ်အသင်းက တတိယဆု၊ ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာလည်း အမျိုးသား၊ အမျိုးသမီး လက်ရွေးစင် အသင်းမှာ စတုတ္ထအဆင့်၊ ၂၀၁၈ ခုနှစ် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်အသင်းကို အနိုင်ရယူ၍ ပွဲစဉ်တစ်လျှောက် တတိယဆုနှင့် အသန့်ရှင်းဆုံး မြန်မာအသင်းဟာ ဖူဆယ်သမိုင်းတစ်လျှောက်တွင် အာရှအဆင့်အဖြစ် ဆုရရှိခဲ့ပြီး ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့ပါကြောင်း ထည့်သွင်းပြောကြားကာ ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဝန်ကြီးများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပထမပွဲစဉ်အဖြစ် တောင်ကြီးမြို့နယ်အသင်းနှင့် မိုးနဲမြို့နယ်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားကြပြီး အဆိုပါ ၂၀၂၅ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် (၂၅)နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲသို့ မြို့နယ်ပေါင်း ၂၄ သင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကာ ပြိုင်ပွဲကို ဇူလိုင် ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆၈)



## လျှော်ဘေးသင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်

**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းမြို့တွင် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးလျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ရှိ နှစ်(၇၀၀)အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်ထံ အာမခံအလုပ်သမား ၁၅၃၈ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့မှု အကျိုးခံစားခွင့်၄၀ ရာခိုင်နှုန်းအတွက် ငွေကျပ် ၉၇ ဒသမ ၇၃၈ သန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က လျှော်ဒဏ်ကြောင့် လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးသွားသည့် အာမခံအလုပ်သမားများအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

**(အပေါ်ပုံ)**

ဆက်လက်၍ အာမခံအလုပ်သမားများနှင့် မိသားစုဝင်များကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်ရုံမှူး ဦးစိုးလွင်၊ ဦးစီးအရာရှိ ဒေါ်မေဇင်မိုးတို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သိရသည်။

(၀၈၄)

## မီးဘေးသင့် အိမ်ထောင်စု ၂၂ စု အား ငွေ၊ဆန်၊ကြက်ဥ၊ခေါက်ဆွဲခြောက်များ ထောက်ပံ့လှူဒါန်း

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၃၆လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြားတွင် ဇူလိုင် ၁၉ ရက်နေ့ညပိုင်းက မီးလောင်မှုကြောင့် မီးဘေးသင့်အိမ်ထောင်စုများကို စေတနာရှင်၊ အလှူရှင်များက ယနေ့ နံနက် ၁၀ နာရီက ငွေကျပ် ၅၀၀၀၀ နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းခဲ့သည်။

မီးဘေးသင့် အိမ်ထောင်စု ၂၂ စုအတွက် ငွေကျပ် ၅၀၀၀၀၊ ဆန်၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များကို နေအိမ်များအရောက် မဟာနွယ်စဉ်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ ဦးအောင်ကျော်ဦး ဦးဆောင်သော စေတနာရှင်၊ အလှူရှင်များက သွားရောက်လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း ပထမနေ့ (ဆင့်ပွား) သင်တန်းဖွင့်လှစ်

**ဇမ္ဗူသီရိ ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း (ဆင့်ပွား) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ **(အောက်ပုံ)**



သင်တန်းဖွင့်ပွဲတွင် ဇမ္ဗူသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး မြို့နယ်ဦးစီးအရာရှိ ဒေါ်မေမဥ္ဇူက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်း၌ အီလက်ထရောနစ် မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များ တပ်ဆင်စစ်ဆေးခြင်း၊ မဲပေးချိန်တွင် ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုနည်း၊ မဲရေတွက်ချိန်တွင် ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုနည်း၊ မဲပေးစက် ချိတ်ဆက်တပ်ဆင်အသုံးပြုနည်း စသည့်ဘာသာရပ်များကို ဇူလိုင် ၂၁ ရက်မှ ၂၂ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ပြီး ဆရာ၊ ဆရာမများနှင့် ရပ်ကွက်ကျေးရွာစာရေးများ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၉၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လျှော်ဘေးသင့်ပြည်သူများအား ပြည်တွင်း၊ ပြည်ပအလှူရှင်များ ပံ့ပိုးကူညီထောက်ပံ့နိုင်ရေးကွင်းဆင်း၍ လေ့လာ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေး လျှော်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော အမရပူရမြို့နယ်အတွင်းမှ လျှော်ဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ပြည်တွင်း၊ ပြည်ပမှအလှူရှင်များ၏ ပံ့ပိုးကူညီမှုများနှင့်အတူ ထောက်ပံ့ကူညီမှုများ ဆက်လက်ပြုလုပ်နိုင်ရန် စနစ်တကျလေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဌာနမှ ဝန်ထမ်းများ၊ အမရပူရမြို့နယ် ဒေသခံကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် အားဖြည့်ကူညီရန် ရောက်ရှိနေသောမွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးက ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဇူလိုင် ၁၀ ရက်မှ ၂၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်မှ လျှော်ဘေးသင့်အိမ်ထောင်စုများထံ သွားရောက်တွေ့ဆုံ၍ စနစ်တကျလေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ပြီး ထောက်ပံ့ကူညီမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)** (၀၄၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

- ❖ မိမိတို့နိုင်ငံသည်အခြေခံအားဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားလုပ်ဆောင်...
- ❖ မိမိတို့နိုင်ငံသည် သဘာဝမှပေးထားသည့် ရာသီဥတုနှင့် မြေအနေအထား၊ တည်နေရာအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းနိုင်သည့် နိုင်ငံဖြစ်...

(ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၁/၂၀၂၅)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး လယ်ဝေးမြို့နယ်အတွင်း သမဝါယမအသင်းသား တောင်သူများ၏ နှမ်းစပါးရိတ်သိမ်းနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာသို့ရောက်ရှိပြီး ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် အသင်းသားများ၏ လယ်မြေဧက ၂၀ တွင် နှမ်းစပါးစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။



### ဆွေးနွေးပြောကြား

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ရုံးတောကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကျေးရွာဖြစ်သည့်အတွက် ကျေးလက်နေ တစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး နှမ်းစပါးအပြီး မိုးသီးနှံများ စိုက်ပျိုးနိုင်ရေး၊ မိုးသီးနှံပြီးပါက ဆောင်းသီးနှံများ သီးထပ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေသြဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အမှန်တကယ်ကြိုးပမ်းဆောင်ရွက်ရမည်မှာ တောင်သူများ၏ တာဝန်တစ်ရပ်ပင်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုံးတောကျေးရွာ၌ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော စက်ချုပ်လုပ်ငန်းဆောင်ရွက်နေသူ သင်တန်းသူများ၏ စက်ချုပ်ဆိုင်လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများစဉ်ဆက်မပြတ်လုပ်ကိုင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အရင်းအနှီးများ ထောက်ပံ့ပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်က လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ဥယျာဉ်စုကျေးရွာရှိတောင်သူ ၁၀၀ တို့၏ စိုက်ပျိုးမြေဧက ၁၅၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် ဥယျာဉ်စုကျေးရွာ ကုန်ထုတ်လမ်းတံတားဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကျေးရွာလမ်းကော်မတီဝင်များ၊ ဒေသခံပြည်သူအားလုံးက လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း၊ ကျေးရွာတောင်သူများကိုယ်တိုင်က မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်လိုသည့်စိတ်များ မွေးမြူကြရမည်ဖြစ်ပြီး မိမိအကျိုး၊ အများအကျိုး၊ ရပ်ရွာအကျိုးအတွက် သမဝါယမစနစ်နှင့်အညီ စိတ်တူကိုယ်တူ ဆန္ဒတူသူများစုပေါင်း၍ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိရမည်ဖြစ်သလို သတ်မှတ်စည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# Myanmar National League II 2025-2026 အမှတ်ပေးဘောလုံးပြိုင်ပွဲအကြို ညှိနှိုင်းအစည်းအဝေး ပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် Myanmar National League II 2025-2026 အမှတ်ပေးဘောလုံးပြိုင်ပွဲနှင့် ပတ်သက်၍ အကြိုညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက သုဝဏ္ဏဘောလုံးကွင်းပထမထပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်-၂ ပြိုင်ပွဲဝင်ကလပ်အသင်းများမှ အသင်းစီအီးအိုများ၊ အသင်းအထွေထွေမန်နေဂျာများနှင့် ကလပ်အသင်းတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီသစ်အတွက် ပြင်ဆင်ပြောင်းလဲဖြည့်စွက်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ Player Transfer Window ဖွင့်လှစ်ထားသည့် အခြေအနေများ၊ ကလပ်အသင်းနှင့် ကစားသမားစာချုပ်ချုပ်ဆိုရာတွင် ပရော်ဖက်ရှင်နယ်စာချုပ်ပါ အချက်များအတိုင်း မဖြစ်မနေ လိုက်နာကျင့်သုံးဆောင်ရွက်သွားရမည့် အခြေအနေများနှင့် ပြိုင်ပွဲဝင်အသင်းများ သတ်မှတ်ကာလအတွင်း ကစားသမားမှတ်ပုံတင် စာရင်းသွင်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ အပါအဝင် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတို့ကို အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

MNL 2 League 2025-2026 ပြိုင်ပွဲတွင် ချင်းလန်းအက်ဖ်စီ၊ မြဝတီအက်ဖ်စီ၊ ယူနီဗာစတီအက်ဖ်စီ၊ ကချင်ယူနိုက်တက်အက်ဖ်စီ၊ Glory Goal FC၊ Silver Stars FC အပါအဝင် MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲမှတစ်ဆင့် တန်းတက်အသင်းများဖြစ်သည့် ရန်ကုန်စီးတီးအက်ဖ်စီနှင့် ယန်းဘွိုင်းယူနိုက်တက်အက်ဖ်စီအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲ၏ ပထမအကျော့ကို ဩဂုတ် ၃ ရက်မှ အောက် တိုဘာ ၃၀ ရက်အထိ ယူနီဗာစတီ၊ ပဒုမ္မာကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအကျော့ပြိုင်ပွဲကာလအား ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

(NGB)

ဝ-ဝ-ဝ-ဝ-ဝ

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ၌ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဇူလိုင် ၂၄ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ